ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ သောကြာနေ့။ Friday, 23 August 2024 ၁၁၅၅၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှု ရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပုဂံရှေးဟောင်း သုတေသနပြတိုက်ကို တွေ့ရစဉ်။

# ယခုဘဏ္ဍာနှစ် ပထမလေးလတာကာလ၌ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်ဝင်ရောက်မှု ၁၆၀၀၀ ကျော်ရှိပြီး ငွေကျပ် သိန်း ၁၇၀ ကျော် ဝင်ငွေရရှိ

ရန်ကုန် ဩဂုတ် ၂၂

၂၀၂၄-၂၀၂၅ ခုနှစ်၏ ပထမလေးလတာ ကာလဖြစ်သည့် ဧပြီလမှ ဇူလိုင်လအထိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်ဝင်ရောက်မှု ၁၆၀၀၀ ကျော်ရှိပြီး ငွေကျပ်သိန်း ၁၇၀ ကျော် ဝင်ငွေရရှိခဲ့ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံရှေးဟောင်း သုတေသနပြတိုက်မှ ဒုတိယညွှန်ကြားရေးမှူး(ပြတိုက်) ဒေါ်ခက်ခက်လှက ပြောသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

## ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို အသိပေးကြေညာခြင်း စာမျက်နှာ » ၆

ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပညာရေးဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက စားသောက်ဖွယ်ရာများ လှူဒါန်းရန် ပြင်ဆင်ဆောင်ရွက် စာမျက်နှာ » ၇

၂၀၂၅-ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန်ကြေညာ စာမျက်နှာ » ၈

ပြည်ပနိုင်ငံများမှဝင်ရောက်လာသူများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)တို့တွင် Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေးရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၉



MWD မီဒီယာစင်တာ

ရရှိနိုင်သောဝန်ဆောင်မှုများ

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https;//www.facebook.com/Public Media Centre

ကြေးမုံ

# ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်များပျိုးထောင်

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ ကျန်းမာကြံ့ခိုင်မှသာ အရာရာကို အကောင်အထည်ဖော်နိုင်ပြီး လိုအင်ဆန္ဒများ ပြည့်ဝနိုင်မည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ရန်အတွက် မျိုးကောင်းမျိုးသန့် အပင်သန်ဆိုသကဲ့သို့ မွေးဖွားစအရွယ် သန္ဓေတည်သည်မှစ၍ နုနယ်ပျိုမျစ်သည့်အရွယ်တစ်လျှောက် ကောင်းစွာစောင့်ရှောက် အလေးထား ပြုစုပျိုးထောင်ပေးနိုင်ရန် လိုအပ်သည်။

ကျန်းမာခြင်းသည် လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်စုမှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်သည်အထိ အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်သည်။ ကျန်းမာကြံ့ခိုင်ရန်အတွက် နေ့စဉ်စားသုံးနေသော အစားအစာများ သန့်ရှင်းပြီး လိုအပ်သည့် အာဟာရဓာတ်များ ပြည့်ဝနေရန်လိုအပ်သည်။ ပြည့်ဝသောအာဟာရဓာတ်များကို စတင်သန္ဓေတည်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ မွေးကင်းစကလေးငယ်များ၊ အသက်ငါးနှစ်အောက် ကလေးငယ်များမှသည် ငယ်ရွယ်သည့်ကလေးသူငယ်ကျောင်းသား ကျောင်းသူများအားလုံးကို စဉ်ဆက်မပြတ် ပုံမှန်ကျွေးမွေးပြုစုသွားရန် လိုအပ်သည်။

ထို့ကြောင့် ပြည်သူလူထုအတွင်း အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိလာစေရန်၊ အာဟာရဖွံ့ဖြိုးမှုကို ပိုမိုစိတ်ဝင်စားပြီး ပူးပေါင်းပါဝင်လာစေရန်အတွက် နှစ်စဉ် ဩဂုတ်လတွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ် အခမ်းအနား လှုပ်ရှားဆောင်ရွက်မှုများကို နိုင်ငံတစ်ဝန်း၌ ကျင်းပနေသည်ကို မြင်တွေ့ရသည်။ ကျန်းမာကြံ့ခိုင်သည့် လူ့ဘောင်လောကကို တည်ဆောက်နိုင်ရန်အတွက် အခြေခံကျသည့် မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးသည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ပထမပတ်တွင် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်တွင် ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များကို ကျင်းပပြုလုပ်ခဲ့ပြီး ယခု တတိယပတ်နှင့် စတုတ္ထပတ်တို့တွင် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိသည်။ လူတိုင်းလူတိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် လူသားမဖြစ်လာမီ သန္ဓေတည်စဉ်ကတည်းက အရေးကြီးသဖြင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများကို ဦးစွာအာဟာရပြည့်ဝအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် မွေးကင်းစကလေးသူငယ်များနှင့် မိခင်များ အာဟာရပြည့်ဝရေးအတွက် မြို့နယ်အလိုက် ကျေးလက်များပါမကျန် ဖြန့်ကြက်ဖြည့်ဆည်းပေးခဲ့သည်။ တစ်ဆက်တည်းတွင် အသက်ငါးနှစ်အောက်ကလေးငယ်များနှင့် ငယ်ရွယ်သူကျောင်းသား ကျောင်းသူကလေးများ အာဟာရပြည့်ဝရေးအတွက် ကွင်းဆင်းဖြည့်ဆည်းပေးခဲ့သည်။ ကျောင်းအခြေပြု ကျောင်းကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းကျန်းမာရေးဆိုင်ရာ သင်တန်းများ၊ ဆေးနှင့် ဆေးပစ္စည်းများပံ့ပိုးပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ ကျောင်းအခြေပြုကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျန်းမာရေးအသိပညာပေး အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ပံ့ပိုးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံပညာမူလတန်းကျောင်းသားများ၏ ၉၀ ရာခိုင်နှုန်းကျော်ကို အထွေထွေကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၈၅ ရာခိုင်နှုန်းကျော်ကိုလည်း ကျောင်းအခြေပြု ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူများ၏ ၉၅ ရာခိုင်နှုန်းကျော်ကို သန်ချဆေးများ တိုက်ကျွေးပေးခဲ့သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "ဗလငါးတန်ဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး အလေးပေး" ဆိုသည့်အတိုင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကျောင်းသားလူငယ်များ၏ ကျန်းမာရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်အဖွဲ့အစည်းများပူးပေါင်းပြီး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အထက်တန်းနှင့် အလယ်တန်းကျောင်းသူများအား သံဓာတ်အားဆေးတိုက်ကျွေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံများ ငယ်ရွယ်သူကျောင်းသူ ကျောင်းသားအရွယ်တွင် သိရှိစွဲမြဲလာအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ကျန်းမာရေးသီတင်းပတ်လှုပ်ရှား ဆောင်ရွက်မှုများကို သားလောင်းသန္ဓေတည်သည့်အချိန်မှစ၍ အသက်အရွယ်အဆင့်ဆင့်အလိုက် လှုပ်ရှားဆောင်ရွက်ပေးခဲ့ရာတွင် နယ်မြေဒေသများအားလုံး လွှမ်းခြုံဖြန့်ကြက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သလို ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်ပြုမူလုပ်ကိုင်စားသောက်မှုပုံစံများပါ အသိပညာပေးစွဲမြဲရေးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်များဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။ ။

## သံအမတ်ကြီး ဒေါ်မာလာသန်းထိုက် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဩဂုတ် ၂၂

သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မာလာသန်းထိုက်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ကိုလံဘိုမြို့ရှိ သမ္မတအိမ်တော်၌ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာရာနေးလ် ဝစ်ခ်ရီမီဆင်းဟီထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

## သထုံမြို့၌ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ပြုလုပ်

သထုံ ဩဂုတ် ၂၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နန်းခဲရပ်ကွက်ရှိ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနရုံး၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အလေးချိန် တိုင်းတာခြင်း၊ စနစ်တကျမှတ်တမ်းပြုစုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက်အခမ်းအနားကို ကျင်းပရာ ကျန်းမာရေးဝန်ထမ်းများက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် သတ်မှတ်ခဲ့ပုံများ၊ ကျန်းမာရေးရက်သတ္တပတ်အလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ မွေးကင်းစကလေးများနှင့် အသက်ငါးနှစ်အောက်ကလေးများ အာဟာရချို့တဲ့မှု မဖြစ်ပေါ်စေရေးအတွက် မိခင်နို့တိုက်ကျွေးခြင်းနှင့် ဖြည့်စွက်အစားအစာ စနစ်တကျကျွေးမွေးရသည့် နည်းလမ်းများ ဆွေးနွေးပြောကြားပြီး ဖြည့်စွက်အာဟာရများနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂-၈-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၇၅၈ | ၆,၇၄၆,၂၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၀၀ | ၁၅၆ | ၅၄၀,၁၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၁၆၁ | ၁,၃၆၈,၅၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၀ | ၁၈,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၃၉၈ | ၁,၁၁၄,၄၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၈၁၄ | ၁,၃၈၄,၆၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၂၃၇ | ၁,၀၉၀,၂၀၀ |
| MAEX | ၃,၂၅၀ | ၃,၄၀၀ | ၇၂၃ | ၂,၃၅၅,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၄)ကျင်းပ




**နေပြည်တော် ဩဂုတ် ၂၂**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့ မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကျန်အဖွဲ့ဝင်များက အွန်လိုင်းမှ တစ်ဆင့် တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၃ ခုနှစ် UNODC က ထုတ်ပြန်ခဲ့သည့် အရှေ့တောင်အာရှဒေသအတွင်းကာစီနိုဆိုက်ဘာလိမ်လည်မှုနှင့် အတင်းအကျပ် ရာဇဝတ်မှုကျူးလွန်စေရန် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ၌ အရှေ့တောင်အာရှဒေသများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် မြန်မာနိုင်ငံ စသည့်နိုင်ငံများတွင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးလိမ်လည်မှုများကို အတင်းအကျပ်ကျူးလွန်စေသည့် လူကုန်ကူးမှုများသည် ပုံစံအသစ်ဖြင့်တိုးတက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါဖြစ်ပေါ်နေမှုကို နိုင်ငံတကာမှ ပုံစံသစ်ဖြင့်ဖြစ်ပေါ်လာသော လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှုဟု အမည်တပ်လာကြကြောင်း။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားခဲ့ပြီးနောက် လူမှုစီးပွားဘဝ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေး လုပ်ဆောင်ကြရာတွင် အွန်လိုင်းဆက်သွယ်ဆက်ဆံမှုလုပ်ငန်းများ၊ အွန်လိုင်းငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ငွေပေးချေမှုစနစ်များတိုးတက်ပြောင်းလဲလာမှုအပေါ်အခြေခံပြီး အွန်လိုင်းလိမ်လည်မှုမှုခင်းများ ဖြစ်ပွားမှုပိုမိုများပြားလာသည်ကို တွေ့ရှိနေရကြောင်း၊ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အွန်လိုင်းလိမ်လည်မှုကုမ္ပဏီများ ပေါ်ပေါက်လာစေသည့် အခြေခံအကြောင်းအရင်းများပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အစိုးရအနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှု (Online Scam)လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင်အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်း အမျိုးမျိုးကြောင့် ရောက်ရှိလာပြီး အခက်အခဲမျိုးစုံ ကြုံတွေ့နေရသည့် နိုင်ငံခြားသားများကို မြန်မာနိုင်ငံရှိသံရုံးများနှင့် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ဆက်သွယ်မှုလမ်းကြောင်းများမှ တစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့်ပတ်သက်ပြီး ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာမှ အခက်အခဲမျိုးစုံ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများရှိ သံရုံးများနှင့်ချိတ်ဆက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း၍ မိမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အနေဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဘင်္ဂလားပင်လယ်အော်စီးပွားရေးနှင့် နည်းပညာဆိုင်ရာဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဘင်းမ်စတက်)အဖွဲ့ဝင်နိုင်ငံများအကြားအကောင်အထည်ဖော်ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာဘင်းမ်စတက်ကွန်ဗင်းရှင်းလုပ်ငန်းလမ်းညွှန် (TOR)နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာဘင်းမ်စတက်လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ခဲ့ကြောင်း။

လူကုန်ကူးခံရသူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် စံလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် လူကုန်ကူးခံရသူများအားပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်(၂၀၂၀)ကို ရေးဆွဲအတည်ပြုပြီး ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား အဆိုပါ စံလုပ်ငန်းအစီအစဉ်အသုံးပြုနည်း သင်တန်းများကို ယခင်နှစ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပြီး စံလုပ်ငန်းအစီအစဉ်တွင်ပါရှိသည့် လုပ်ငန်းစဉ်များအတိုင်း လိုက်ပါဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လူကုန်ကူးခံရသူများကို လိုအပ်သည့် ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရှိရ၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို အကြံပြုဆွေးနွေးပြီး ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ပြောင်းလဲဖြစ်ပေါ်နေသော လူကုန်ကူးမှုပုံစံသစ်များကိုတိုက်ဖျက်ရာတွင် ရေးဆွဲထားရှိသော မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထငါးနှစ်စီမံကိန်း၏ လုပ်နည်းလုပ်ဟန်သစ်များနှင့် နိုင်ငံတကာတွင်ကျင့်သုံးနေသည့် စံနှုန်းများကိုအသုံးပြုပြီးသက်ဆိုင်ရာအစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကပါ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာဗဟုသုတများဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ကြမှသာ လူကုန်ကူးမှုများ လျော့နည်း ကျဆင်းအောင် ထိန်းချုပ်နိုင်မည် ဖြစ်ပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို အကောင်းဆုံးဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းသစ်များကိုဖော်ထုတ်ပြီး အဖွဲ့ဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်နှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးဆိုင်ရာ နှစ်ဖက်အဆိုပြုချက်များနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စများကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အထွေထွေဆွေးနွေးခြင်းတွင် လက်ရှိနိုင်ငံရေးအခြေအနေနှင့် လုံခြုံရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များမှ ရရှိလာသည့် သဘောထားများကို စုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။



ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်က ကျေးဇူးတင်စကား ပြောကြားကာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၂၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉)လောကနတ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများက လာရောက်ဆွေးနွေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဦးစီးဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် အဂတိလိုက်စားမှုသည် နိုင်ငံတော်ပိုင် ငွေကြေးနှင့် ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို တိုက်ရိုက်နစ်နာမှုရှိစေသည့်အပြင် တိုင်းပြည်စီးပွားရေးနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း သွယ်ဝိုက်အဟန့်အတားဖြစ်စေကြောင်း၊ အဂတိကင်းရှင်းသည့် ပြည်သူ့ဝန်ဆောင်မှုများနှင့် အစိုးရအင်စတီကျူးရှင်းတို့ရှိပါမှ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ အသီးသီးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ် ပေါ်ထွက်လာရေးအတွက်လည်း အဓိက အတားအဆီး တစ်ခုဖြစ်သောကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဥပဒေပြဋ္ဌာန်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အစီအမံများအဖြစ် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)ကို ဖွဲ့စည်းထားရှိကာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အဆင့်ဆင့် ထိရောက်စွာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးက အမှာစကား ပြောကြားရာတွင် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း နည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုပုံစံအားလုံးသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဟောပြောပွဲမှ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အသိအမြင်၊ ဗဟုသုတများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်းနှင့် ထပ်ဆင့်မျှဝေပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်းအကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေး ကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေး အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံးမှ Country Director Ms. Sara Austin Netzer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(United Nations Office for Project Services–UNOPS)မှ Country Director ဖြစ်သူ Ms. Sara Austin Netzer ဦးဆောင်သောအဖွဲ့ကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော UNOPS အဖွဲ့မှ စီမံခန့်ခွဲမှုဆောင်ရွက်လျက်ရှိသည့် Global Fund အသုံးပြု၍ ခုခံကျ/ကာလသားရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ Access to Health Fund ရန်ပုံငွေဖြင့် မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရန်ပုံငွေများအသုံးပြုရာတွင် မသက်ဆိုင်သည့် လူပုဂ္ဂိုလ်များထံ မရောက်ရှိစေရေး ပူးပေါင်းကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန)နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်




ပေါင် ဩဂုတ် ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပေါင်မြို့နယ်ရှိ ဝဲပတန်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့်(၃)အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းဇော်၏ဦးဆောင်မှုဖြင့် ဝန်ထမ်းများက စုစုပေါင်းပြည်သူ ၆၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ ပုသိမ်တက္ကသိုလ် စာကြည့်တိုက်ကို ကြည့်ရှုလေ့လာပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**ပုသိမ် ဩဂုတ် ၂၂**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ပုသိမ်တက္ကသိုလ် စာကြည့်တိုက်သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ၏ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ငှားရမ်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ ပုသိမ်တက္ကသိုလ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

**စီစဉ်ထားရှိပေးထားရန်လို**

ဦးစွာ တက္ကသိုလ်စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ဖတ်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ယနေ့အချိန်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်း၌ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလိုသည့် စာအုပ်စာစောင်များကို စာကြည့်တိုက်တွင် စီစဉ်ထားရှိပေးထားရန်လိုပါကြောင်း၊ ထိုသို့ စာအုပ်စာစောင်များ ထားရှိပေးရာတွင် အသိပညာ၊ ဗဟုသုတတိုးပွားစေရန် သုတစာအုပ်များ ထားရှိပေးရန်လိုသကဲ့သို့ စိတ်နှလုံးနူးညံ့ပြီး ကိုယ်ချင်းစာနာစိတ်၊ လူအချင်းချင်း ချစ်ခင်ညှာတာစိတ် ဖြစ်ပေါ်စေရန် ရသစာအုပ်များကိုလည်း ထားရှိပေးစေလိုကြောင်း။

ယခုအခါ နိုင်ငံတော်အကြီးအကဲက လူထုသိပ္ပံကျမ်းများကို ပြန်လည် ပုံနှိပ်ထုတ်ဝေစေရုံသာမက စာကြည့်တိုက်များအတွက် လှူဒါန်း ပေးလျက်ရှိပါကြောင်း၊ လူငယ်များ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနိုင်ရန် မိမိတို့နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပုသိမ်တက္ကသိုလ် စာကြည့်တိုက်တွင် ကျောင်းသားကျောင်းသူများ စာပေလေ့လာဖတ်ရှုနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က လူထုသိပ္ပံကျမ်းများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထဝီဝင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာဘာသာရပ် မိသားစုများ၏ အာစရိယပူဇော်ပွဲ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ နှုတ်ဆက်ပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက် အားပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်စကား ပြောကြားကာ တက္ကသိုလ်အတွက် DTH စလောင်းနှစ်စုံနှင့် DVB-T2 Set Top Box ၁၅ စုံကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထဝီဝင်ဌာနအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

**ပြောကြား**

ထို့နောက် ပုသိမ်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းက ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့အား တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး သတ္တဗေဒဌာနမှ ဒေါက်တာ နီလာသန်းက စပါးခင်းများတွင်ကျရောက်သောပိုးများကို လေ့လာခြင်းနှင့် ဖျက်ပိုးများကို ပိုးအချင်းချင်း ထိန်းချုပ်သောနည်းလမ်းအသုံးပြု၍ နှိမ်နင်းခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတုဗေဒဌာနမှ ဒေါက်တာ အိအိခိုင်က အုန်းဆန်အခွံမှ စက္ကူပြုလုပ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပထဝီဝင်ဌာနမှ ဒေါက်တာ ဇင်မေဦးက ပုသိမ်မြို့နယ်၏ စပါးကုန်သွယ်မှုပုံစံအလားအလာကို ဆန်းစစ်လေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဏ္ဏဝါသိပ္ပံဌာနမှ ဒေါက်တာ ခင်မေချစ်မောင်က အဏ္ဏဝါသိပ္ပံဌာန၏ ဒေသအကျိုးပြုသုတေသန ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စီးပွားရေးပညာဌာနမှ ကထိက ဒေါ်ခိုင်ဇာဝင်းက ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးမွေးမြူထုတ်လုပ်ခြင်း၏ ဈေးကွက်ဖြန့်ဖြူးမှုကို လေ့လာခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း စသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စာတမ်းများ ပြုစုဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပုသိမ်တက္ကသိုလ်တွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် သုတေသန လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသာမက ထုတ်လုပ်ရေးကဏ္ဍနှင့် ဈေးကွက်ကဏ္ဍ သုတေသနလုပ်ငန်းများကိုပါ ဖြည့်စွက်ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍအသီးသီးမှ ချဉ်းကပ်မှုမျိုးစုံနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း စသည့် သုတေသနလုပ်ငန်းများနှင့် ပတ်သက်သည့် အခြေအနေများကို ဖြည့်စွက် ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်တက်ရောက်လာကြသူများ ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထဝီဝင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာဘာသာရပ် မိသားစုများ၏ အာစရိယပူဇော်ပွဲ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ နှုတ်ဆက်ပွဲနှင့် ဆုပေးပွဲအခမ်းအနားတွင် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

---

❂ရှေ့ဖုံးမှ

ယခုဘဏ္ဍာနှစ်၏ ပထမလေးလတာကာလဖြစ်သည့် ဧပြီလတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်းခရီးသွား ၆၅၇၅ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၆၅၇၅၀၀၀ နှင့် ပြည်ပခရီးသွား ၁၂ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၁၂၀၀၀၀၊ မေလတွင် ပြည်တွင်းခရီးသွား ၄၁၃၂ ဦးဝင်ရောက်မှုမှ ငွေကျပ် ၄၁၃၂၀၀၀ နှင့်ပြည်ပခရီးသွား ၃၅ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၃၅၀၀၀၀၊ ဇွန်လအတွင်း ပြည်တွင်းခရီးသွား ၃၂၈၈ ဦးဝင်ရောက်မှုမှ ငွေကျပ် ၃၂၈၈၀၀၀ နှင့် ပြည်ပခရီးသွား ၂၈ ဦးဝင်ရောက်မှုမှ ငွေကျပ် ၂၈၀၀၀၀ နှင့် ဇူလိုင်လအတွင်း ပြည်တွင်းခရီးသွား ၂၅၅၃ ဦးဝင်ရောက်မှုမှ ငွေကျပ် ၂၅၅၃၀၀၀ နှင့် ပြည်ပခရီးသွား ၃၁ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၃၁၀၀၀၀ ရရှိခဲ့ကြောင်း သိရသည်။ "ဒီနှစ် ဘဏ္ဍာနှစ်ရဲ့ ဧပြီလက ဇူလိုင်လအထိ ပြတိုက်ကို ခရီးသွားဝင်ရောက်မှုက ပွင့်လင်းရာသီမှာ ပိုများတာပေါ့။ အခုလက်ရှိကတော့ မိုးရာသီကာလဖြစ်နေတာရယ်၊ ကျောင်းဖွင့်ကာလလည်းဖြစ်နေတော့ ပြတိုက်ကိုလ ည်း ဝင်ရောက်မှုကနည်းသွားတယ်"ဟု ဒေါ်ခက်ခက်လှက ပြောသည်။

ဩဂုတ်လအတွင်း၌ ရှေးဟောင်း သုတေသနပြတိုက်သို့ ပုံမှန်လူဦးရေ ၂၀ မှ ၈၀ ကြားဝင်ရောက်မှုရှိပြီး စနေ၊ တနင်္ဂနွေနှင့် အများပြည်သူရုံးပိတ်ရက်များတွင် လူဦးရေ ၁၀၀ ကျော်အထိဝင်ရောက်မှုရှိကြောင်း သိရသည်။

ပုဂံရှေးဟောင်း သုတေသနပြတိုက်သည် တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားပြီး ပြတိုက်ဝင်ကြေးအနေဖြင့် ပြည်တွင်းခရီးသွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထားကာ ၁၂ နှစ်အောက် ကလေးငယ်များနှင့် ကျောင်းထောက်ခံစာပါရှိပြီး လာရောက်လေ့လာသူကျောင်းသား ကျောင်းသူများနှင့် ရဟန်း၊ သံဃာများကို ဝင်ကြေး ကင်းလွတ်ခွင့် ပြုထားကြောင်းနှင့် နိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာနှစ်အတွင်း ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှု ၉၄၉၅၁ ဦး ရှိခဲ့ပြီး ငွေကျပ် ၇၁၉ သိန်းကျော်ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

MT

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၁-၇-၂၀၂၄ ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ၃၀-၇-၂၀၂၄ ရက်နေ့အတွင်း ပြန်လည်တင်သွင်းရန် ဖိတ်ခေါ်ထားရှိရာ သတ်မှတ်နေ့ရက်၊ အချိန်အတွင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်လောင်း အဆိုပြုလွှာပေးပို့လာသူ (၅၈)ဦး ရှိခဲ့ပါသည်။

၂။ သတင်းမီဒီယာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကောင်စီဝင်အဖြစ် အမည်စာရင်းပေးပို့ခံရသူ(၃)ဦးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဒေါက်တာတင်ထွန်းဦး
(ခ) ဦးခင်မောင်ကျော်ဒင်
(ဂ) ဦးခင်မောင်ဇော်

၃။ သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်(၂/၂၀၂၄)အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက် အချိုးအစားအရ ပေးပို့လာသည့် နယ်ပယ်ကိုယ်စားပြုသူ (၁၀)ဦးအမည်စာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဒေါက်တာတင်အောင်ခိုင် | မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ |
| (ခ) | ဦးသိုက်ထွန်း | မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း |
| (ဂ) | ဒေါက်တာဇော်သန်း | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ |
| (ဃ) | ဦးကြည်ညွန့် | မြန်မာနိုင်ငံ ပုံနှိပ်သူနှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း |
| (င) | ဦးဥက္ကာအေး | မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း |
| (စ) | ဦးတင်ကိုကို | မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် |
| (ဆ) | ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ဇ) | ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ဈ) | ပါမောက္ခဒေါက်တာမြသိန်းဟန် | မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ |
| (ည) | ဒေါက်တာစန်းဦး | မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ |

၄။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရွေးချယ်တင်မြှောက်ရေးအဖွဲ့က အဆိုပြုလွှာပေးပို့လာသူ(၅၈)ဦး၏ အဆိုပြုလွှာများအပေါ် သတင်းမီဒီယာနည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်(၂/၂၀၂၄)အရ အောက်ဖော်ပြပါ(၉)ဦးကို သတင်းမီဒီယာ ကောင်စီဝင်များအဖြစ် အဖွဲ့မှရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည့်အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဒေါက်တာခင်မောင်လွင်
(ခ) ဦးမြင့်သိန်း(မောင်မောင်မြင့်သိန်း)
(ဂ) ဦးစိန်တိုး(ဆန်းလင်း)
(ဃ) ဦးစန်းလွင်
(င) ဦးလှထွန်းဦး(ကာတွန်းလှထွန်း)
(စ) ဦးရဲမင်းစိုး(မောင်မောက်ဝတ်လုံ)
(ဆ) ဦးပြည့်စိုးဟန်
(ဇ) ဒေါ်နှင်းအေးခိုင်
(ဈ) ဒေါ်နီလာမျိုးဦး

၅။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်ပွဲကျင်းပပြုလုပ်ပြီး ရွေးချယ်ရန်ဆုံးဖြတ်ခဲ့သည့် တစ်ဦးချင်းကိုယ်စားလှယ်လောင်း(၁၄)ဦး အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဒေါ်ကေသီခိုင်
(ခ) ဦးထင်ကျော်မိုး(မြေလတ်ထင်ကျော်မိုး)
(ဂ) ဒေါက်တာတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)
(ဃ) ဦးတင်ဝင်း(တင်ဝင်းလေး-ကြည့်မြင်တိုင်)
(င) ဦးအေးချမ်း
(စ) ဦးသိန်းလွင်(မောင်သိန်းလွင်-လှည်းကူး)
(ဆ) ဦးအောင်စည်ဟိန်း
(ဇ) ဦးမောင်မောင်ဦး(ဟိန်းလတ်)
(ဈ) ဦးမင်းသန့်(စစ်မင်းနောင်)
(ည) ဦးခင်မောင်မြင့်
(ဋ) ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး)
(ဌ) ဦးနေဝင်း(ခ)ဦးရန်ကျော်
(ဍ) ဦးတင်စိုး
(ဎ) ဦးသိန်းဆွေမြင့်(ဇေယျာလင်းထွန်း)

၆။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဆိုပြုလွှာပေးပို့လာသူများအနက် သတ်မှတ်ထားသည့် အချက်အလက် အထောက်အထားပြည့်စုံမှုမရှိခြင်း၊ သတင်းမီဒီယာနည်းဥပဒေပါ သတ်မှတ်နယ်ပယ်နှင့် ကိုက်ညီမှုမရှိခြင်း စသည့်စိစစ်တွေ့ရှိမှုများကြောင့် အဖွဲ့၏သဘောတူဆုံးဖြတ်မှုဖြင့် (၃၄)ဦးအား ပယ်ခဲ့ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရွေးချယ်တင်မြှောက်ရေးအဖွဲ့**

---

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၁ ရက် ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂) နှင့် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၆) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ၊ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာရှိ ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၅၀ နှင့် ငွေကျပ် ၁၁၅ သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၆) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၈ သိန်းကိုလည်းကောင်း၊ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၆၀ ကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးထံ ပေးအပ်စဉ်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျေးဇူးတင်စကား ပြောကြား**

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀၀ နှင့် ငွေကျပ် ၂၃၇၅၉၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၂၆၉၈၀၀၀ နှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချချ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေများနှင့်စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းနိုင်ရေး ဩဂုတ် ၂၀ ရက်တွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး ဝန်ထမ်းမိသားစုများကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဌာနအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ပညာရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မျှင်ငါးပိထောင်း ဘူး ၁၀၀၀၊ မုန့်ပါကင် ၆၀၀၊ အသားတု ပဲပုပ်ကြော် ဘူး ၅၀၀၊ ငါးခြောက်ထောင်းကျော် ဘူး ၅၀၀၊ ငါးသေတ္တာဘူး ၅၀၀၊ ငါးပိလက်ဖက် အတွဲ ၂၀၀၊ ဆိတ်သားနှပ် ၁၃၃ ဘူး၊ ကြက်သားဟင်း ၁၂၃ ဘူး၊ ပဲဟင်း ၁၂၈ ဘူး၊ ငါးမွှေချက် ၁၁၆ ဘူး၊ ငါးကြင်းပေါင်း ၁၁၂ ဘူး၊ ငါးဆုပ် ၁၁၂ ဘူး၊ ငါးပိထောင်းဘူး ၁၀၀၊ ဆန်ပြုတ်အထုပ် ၁၀၀၊ လက်ဖက်နှပ် အတွဲ ၅၀၊ ငါးနီတူချဉ်စပ်အတွဲ ၅၀၊ မာမား ကြက်ဆီချက် ဖာ ၄၀၊ မာမား ပုဇွန်ချဉ်စပ် ဖာ ၄၀၊ ငါးပိထောင်း ၃၆ တွဲ၊ ငါးကြင်းပဲငါးပိ ၂၄ ဘူး၊ ကော်ဖီမစ် ပါကင် ၂၀၊ တီးမစ် ပါကင် ၂၀၊ ငါးကြင်းစတူး ၁၈ ဘူး၊ တူနာငါး ၁၁ ဘူး၊ ကြာဆံငါးဖာ စသည့်ပစ္စည်းတန်ဖိုး ငွေကျပ် ၁၁၅ သိန်းနှင့် ငွေသား သိန်း ၁၅၀ ဖြင့် စုစုပေါင်း ၂၆၅ သိန်းကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည့်အပြင် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက တိုင်းပြည်အတွက် အမြဲတမ်းအဆင်သင့်ရှိပေးခဲ့တဲ့ တပ်မတော်သားများကို အမြဲဂုဏ်ယူလေးစားလျက်ပါ။ အားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

အဆိုပါစားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ရပ်ကွက်မိသားစုများက စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ယနေ့တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူရှင်ရပ်ကွက် မိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် ဆင်ဖြူရှင်ရပ်ကွက်ရှိ ဓမ္မရက္ခိတ ဓမ္မာရုံ၌ စားသောက်ဖွယ်ရာများ စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြသည်။

ဆင်ဖြူရှင်ရပ်ကွက် မိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးပိကြော်၊ ငါးခြောက်ကြော်၊ အသားတုကြော်၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်များနှင့် ဆေးပေါ့လိပ်များကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

အဆိုပါ စားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူရှင်ရပ်ကွက် မိသားစုများက စားသောက်ဖွယ်ရာများ စုပေါင်းချက်ပြုတ်ကြော်လှော်နေမှု (ယာပုံ)နှင့် ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု(အောက်ပုံ)ကို တွေ့ရစဉ်။





# ၂၀၂၅-ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

သတင်းကြေညာချက်
ရက်စွဲ၊ ၂၀၂၄-ခုနှစ်၊ ဩဂုတ်လ( ၂၃ )ရက်

၁။ ၂၀၂၅-ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ နှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၅-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့် လျှောက်လွှာတစ်စောင်လျှင် (၂၀၀/-) နှင့် စာမေးပွဲဝင်ကြေးအတွက် (၇၀၀/-) တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန၊ ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စတင်၍ ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတင်သွင်းရာ၌ STEAMS (1), (2) ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ STAMS ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ စနစ်ဟောင်းနဝမတန်း (Grade-10)အောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် စနစ်ဟောင်းတက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းမရှိခဲ့သူများ ၊ စနစ်ဟောင်း ဒသမတန်း (Grade 11) တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများနှင့် စနစ်သစ် ဒွါဒသမတန်း (Grade-12) တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများကို ပြင်ပဖြေအဖြစ်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဘာသာတွဲ(၃)ခု ဖြစ်သော STEAMS-1, STEAMS-2, STAMS တို့အနက်မှ ဘာသာတွဲ (၁)ခုကို ရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။

၅။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ၇၀၀/-ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင် ကပ်၍ ၊ မိမိတို့အမှန်တကယ် နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၄-ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။

၆။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ၇၀၀/-ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး၊ လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၄-ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ မှ စက်တင်ဘာလ ၃၀ ရက်နေ့ အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ပါသည်။

၇။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက်ပုံစံများ မှန်ကန်မှု ရှိ-မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၈။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ( ရုံးချုပ် )၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပါရမီလမ်း၊ ၁၂-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**အောင်မြင်စွာကျင်းပနိုင်**

ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုပြပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် အဋ္ဌမအကြိမ်မြောက်




ကျင်းပပြုလုပ်ခဲ့သည့် ရတနာပြပွဲဖြစ်ပြီး ပုလဲရောင်းချပွဲ ဒုတိယနေ့တွင် ပုလဲအတွဲ ၁၇၇ တွဲကိုလည်းကောင်း၊ တတိယနေ့တွင် ပုလဲအတွဲ ၁၈၄ တွဲကိုလည်းကောင်း၊ စတုတ္ထနေ့တွင် ပုလဲအတွဲ ၂၁၀ စုစုပေါင်းပုလဲအတွဲပေါင်း ၅၇၁ တွဲကို အောင်မြင်စွာရောင်းချနိုင်ခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းများအနေဖြင့် ပြပွဲအကြိုကာလ၊ ပြပွဲကျင်းပစဉ်ကာလနှင့် ပြပွဲကျင်းပပြီး ကာလများအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ပြပွဲတွင် တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူများကိုယ်စား အရာထမ်းတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ၂၀၂၄ ခုနှစ် တရုတ်-အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားတက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရန်မြို့၌ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် တရုတ်-အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် တရုတ်နိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

၂၀၂၄ ခုနှစ် တရုတ်-အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားကို ဩဂုတ် ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပလျက်ရှိပြီး တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏လက်ရှိပညာရေးတိုးတက်မှုနှင့် အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပညာရေးအခန်းကဏ္ဍများ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လာမည့်နှစ်တွင် ကျင်းပမည့် China Asian Education Cooperation Week 2025 တွင် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ MoU ရေးထိုးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)တို့တွင် Mpox (မျောက်ကျောက်)ရောဂါကာကွယ်ရေး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ကျန်းမာရေး ဝန်ကြီးဌာန အနေဖြင့် ၂၀၂၂ ခုနှစ် မေလ အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖရိကဒေသပြင်ပရှိ နိုင်ငံအချို့တွင် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှု(Multi-country outbreak)ရှိနေကြောင်း ထုတ်ပြန်ကြေညာခဲ့စဉ်ကပင်မျောက်ကျောက်ရောဂါဖြစ်ပွားမှု စောစီးစွာသိရှိ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဖျားခြင်းနှင့် အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်း(Fever with Vesicular Rash Surveillance)နှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)တွင် ဓာတ်ခွဲနမူနာများအား စစ်ဆေးခြင်းလုပ်ငန်းကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများနှင့် ပြည်သူ့ဆေးရုံများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က Mpox (မျောက်ကျောက်) ရောဂါအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ(PHEIC) အဖြစ် ဩဂုတ် ၁၄ ရက်တွင် သတ်မှတ်ကြေညာခဲ့သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်(တံတားဦး)နှင့် ကရင်ပြည်နယ် မြဝတီမြို့ နယ်စပ်ဝင်ထွက်ဂိတ်တွင် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မွေတော်ကျွန်း လူဝင်/လူထွက် စစ်ဆေးရေးကင်းစခန်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ တံတားအမှတ်(၁) နယ်စပ်ဝင်ထွက်ဂိတ်တွင် လည်းကောင်း Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေး ကိုယ်အပူချိန်တိုင်းတာခြင်း(Mass Thermal Screening)၊ ပြည်ပဆိုက်ရောက် ခရီးသည်များ၏ ကျန်းမာရေး ကြေညာချက်(Health Declaration Form)အား ကျန်းမာရေး တာဝန်ရှိသူများက စစ်ဆေးခြင်း၊ ခရီးသည်များအား Mpox (မျောက်ကျောက်)ရောဂါနှင့် ပတ်သက်၍ နှိုးဆော်ထားရှိခြင်း အစရှိသော ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရောဂါဖြစ်ပွားနိုင်ခြေ သတ်မှတ်ချက်အရ Mpox(မျောက်ကျောက်) ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများ ရှိနေသဖြင့်ပြည်သူလူထုအနေဖြင့်ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် ကျန်းမာရေးအသိပညာပေးခြင်း၊ နိုင်ငံအတွင်းသို့ရောဂါကူးစက်ဝင်ရောက်မှု မရှိစေရေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း၊ ထိန်းချုပ်တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ပဆိုက်ရောက်ခရီးသည်များ၏ ကျန်းမာရေးကြေညာချက် (Health Declaration Form) အား ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးနေစဉ်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆိုက်ရောက်ခရီးသည် စက်လှေကားအဆင်း၌ ကိုယ်အပူချိန်တိုင်းတာခြင်း(Mass Thermal Screening) ဆောင်ရွက်နေစဉ်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ပဆိုက်ရောက်ခရီးသည်များ၏ ကျန်းမာရေးကြေညာချက် (Health Declaration Form)အား ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးနေစဉ်။

## Mpox (မျောက်ကျောက်) ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့် ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး ၁ ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5°C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox(မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ် ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျလျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကို ကျက်အောင်ချက်ပြုတ်စားပါ၊

Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**ဩဂုတ်လ၊ ၂၀၂၄**

# အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုရရှိသော မြန်မာ၏ပုဂံအား ဂုဏ်ပြုအပ်ပါသည်

**ဒေါက်တာသံလွင်ထွန်း (ကျန်းမာရေးဝန်ကြီးဌာန)**


မြန်မာ၏ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ။

မြန်မာနိုင်ငံမှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသအဖြစ် အသိအမှတ်ပြု သတ်မှတ်ပေးခြင်းသည် ထင်ရှားသော အောင်မြင်မှုတစ်ခုဖြစ်သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် မြန်မာတို့၏ ရှေးဟောင်းမြို့တော်ဖြစ်ပြီး ထင်ရှားကျော်ကြားသော စေတီပုထိုးများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကြောင့် လူသိများသော သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖြစ်ပါသည်။ ယခုကဲ့သို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား အာဆီယံ ဆေးလိပ်ငွေ့ကင်းစင်ဒေသဆုဖြင့် အသိအမှတ်ပြု သတ်မှတ်ပေးခြင်းသည် မြို့တော်၏ ပြည်သူလူထု ကျန်းမာရေးအတွက်သာမက ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ပါ အထောက်အကူပြုရာရောက်ပါသည်။

## ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး ပန်းတိုင်များနှင့် ကိုက်ညီ

အာဆီယံ ဆေးလိပ်ငွေ့ကင်းစင်ဒေသဆုသည် ဆေးလိပ်ငွေ့ကင်းစင်သောပတ်ဝန်းကျင် ဖန်တီးရာတွင် ထူးချွန်သော ကြိုးပမ်းအားထုတ်မှုများကို ပြသသည့် အရှေ့တောင်အာရှရှိ မြို့များနှင့် ဒေသများအတွက် ပေးအပ်သည့် ဂုဏ်သိက္ခာရှိသောဆုဖြစ်သည်။ ဤအစီအစဉ်သည် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးပန်းတိုင်များနှင့် ကိုက်ညီပြီး လူနေမှုဘဝ အရည်အသွေးမြှင့်တင်ရာတွင် ဆေးလိပ်ငွေ့ကင်းစင်သောနေရာများ၏ အရေးပါမှုမြင့်မားလာခြင်းကို အသိအမှတ်ပြုထင်ဟပ်စေသည်။ မြန်မာ၏ပုဂံအတွက် ဤဆုကို လက်ခံရရှိခြင်းမှာ ထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်ပြီး အထူးသဖြင့် များပြားလာနေသော ခရီးသွားလုပ်ငန်း၏ လိုအပ်ချက်များကို ဟန်ချက်ညီညီ ထိန်းညှိပေးသော မြို့တော်၏ ထူးခြားသော အထိမ်းအမှတ်ဖြစ်ပါသည်။



အာဆီယံ ဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ပုဂံ) ဆုတံဆိပ်။

မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိသော ပုဂံရှေးဟောင်းမြို့သည် ၂၀၁၉ ခုနှစ်တွင် UNESCO မှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့သည်။ ၎င်း၏ ရင်သပ်ရှုမောဖွယ်ဘုရားကျောင်းများ၊ ဘုရားများ၊ စေတီပုထိုးများနှင့် အပျက်အစီးများကြောင့် လူသိများသော ပုဂံသည် မြန်မာဘုရားကျောင်းဒီဇိုင်းအပေါ် များစွာလွှမ်းမိုးမှုရှိသော ခမ်းနားသော ဗိသုကာလက်ရာများကို ပြသထားသည်။ မူရင်းမြစေတီကျောက်စာ၊ အနော်ရထာမင်းနန်းတော်အပါအဝင် ရှားပါး ပုဂံခေတ် ရှေးဟောင်းအမွေအနှစ်များစွာကို စုစည်းပြသထားသည့် ပုဂံရှေးဟောင်းသုတေသနပြတိုက်သည် အထင်ကရနေရာတစ်ခုဖြစ်သည်။ မြန်မာ၏ပုဂံသည် ကျက်သရေရှိလှသော အတိတ်ကို တစေ့တစောင်းဖော်ဆောင်လျက် ညွှဲ့သည်များကို ၎င်း၏ သဘာဝအလှတရားနှင့် သမိုင်းဆိုင်ရာ အရေးပါမှုများဖြင့် ဆွဲဆောင်နိုင်သော၊ ဆေးလိပ်ကင်းစင်သော နေရာတစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

မြန်မာ၏ပုဂံကို အာဆီယံဆေးလိပ်ငွေ့ကင်းစင်ရေးဆုဖြင့် အသိအမှတ်ပြုခြင်းသည် ပြည်သူ့ကျန်းမာရေးစီမံချက်များတွင် လူထုပါဝင်မှု၏ အရေးပါမှုကို မီးမောင်းထိုးပြနေပြီး ပုဂံ၏ ဆေးလိပ်ငွေ့ကင်းစင်ရေးမူဝါဒ၏ အောင်မြင်မှုသည် ပြည်တွင်းနေထိုင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားများ၏ ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၏ ရလဒ်ဖြစ်ပါသည်။ ဤစုပေါင်းကြိုးပမ်းမှုသည် အထူးသဖြင့် ယဉ်ကျေးမှုအရ ထိခိုက်လွယ်သောဒေသများတွင် ဆေးရွက်ကြီးသုံးစွဲမှုကို တိုက်ဖျက်ရာတွင် လူထုအသိပညာပေးမှုနှင့် ပညာရေး၏အရေးပါမှုကို အလေးပေးဖော်ပြခြင်းလည်း ဖြစ်ပါသည်။

## ဆေးလိပ်ငွေ့ကင်းစင်သောနေရာများ

အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုသည် အာဆီယံဒေသတစ်ဝန်းရှိ မြို့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို ဂုဏ်ပြုသော အသိအမှတ်ပြုမှုတစ်ခုဖြစ်ပြီး ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို အကောင်အထည်ဖော်ရန်နှင့် ထိန်းသိမ်းရန်၊ စံနမူနာပြ ကတိကဝတ်များကိုပြသရန်နှင့် ဤဆုသည် ထိရောက်သော ဆေးလိပ်ငွေ့ကင်းစင်ရေးမူဝါဒများ၏ အရေးပါမှုနှင့် ပြည်သူ့ကျန်းမာရေးအပေါ် သိသာထင်ရှားသော သက်ရောက်မှုများကို မီးမောင်းထိုးပြနေခြင်းဖြစ်ပါသည်။ ပုဂံအမွေအနှစ်ဇုန်တွင် ဆေးလိပ်ငွေ့ကင်းစင်သောနေရာများ တည်ထောင်ရေးမူဝါဒ လမ်းညွှန်ချက်များအရ ဆေးလိပ်ကင်းစင်သောနေရာများမှာ ရှေးဟောင်းအထိမ်းအမှတ်များ၊ အစိုးရရုံးများ၊ ဟိုတယ်များ၊ ညောင်ဦးလေဆိပ်၊ ဘုရားသုံးဆူ၊ ကစားကွင်း/ပန်းခြံများ၊ စားသောက်ဆိုင်များ၊ စာသင်ကျောင်းများ၊ ဘုရားကျောင်းများနှင့် လုပ်ငန်းခွင်များ ပါဝင်ကြောင်းလည်း သိရှိရပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့က ကျင်းပသည့် မီးခိုးကင်းစင်သော ပုဂံအမွေအနှစ်နေရာများ လှုပ်ရှားမှုဆိုင်ရာ ရှင်းလင်းပွဲတွင် ပုဂံညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးက ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆောင်ရွက်နေသော အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် ပုဂံဒေသအတွက် မီးခိုးငွေ့ကင်းစင်သည့် အမွေအနှစ်နေရာများ တည်ထောင်ရန် ခရိုင်အုပ်ချုပ်ရေးကော်မတီက အားသွန်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

## ၁၀၂ နေရာသို့ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့

၂၀၂၃ ခုနှစ်တွင် ပြီးမြောက်အောင်မြင်မှုများကို ဆက်လက်ဖော်ပြရလျှင် ၂၀၂၀ ခုနှစ် ဇွန်လ ၁၂ ရက်နေ့အထိ ဆေးလိပ်ငွေ့ကင်းစင်သောနေရာ ၉၂ ခုမှ ၂၀၂၃ ခုနှစ် မေလ ၁ ရက်နေ့တွင် ၁၀၂ နေရာသို့ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ "မီးခိုးကင်းစင်သော အမွေအနှစ်များ အကောင်အထည်ဖော်ရေးကြီးကြပ်ရေးကော်မတီအစည်းအဝေး" "Places, Bagan" ပရောဂျက်ကို ၂၀၂၃ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ရပ်ရွာကိုယ်စားလှယ်များပူးပေါင်း၍ "မီးခိုးငွေ့ကင်းစင်သော ပုဂံရှေးဟောင်းအမွေအနှစ်များ" စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် စည်းရုံးရေးဆိုင်ရာအစည်းအဝေးကို ၂၀၂၃ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ စာမျက်နှာ ၁၁ သို့ ◆

> ❛ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုသည် ဆေးလိပ်ငွေ့ကင်းစင်သောပတ်ဝန်းကျင် ဖန်တီးရာတွင် ထူးချွန်သော ကြိုးပမ်းအားထုတ်မှုများကို ပြသသည့် အရှေ့တောင်အာရှရှိ မြို့များနှင့် ဒေသများအတွက် ပေးအပ်သည့် ဂုဏ်သိက္ခာရှိသောဆုဖြစ်သည်။ ဤအစီအစဉ်သည် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးပန်းတိုင်များနှင့် ကိုက်ညီပြီး လူနေမှုဘဝ အရည်အသွေးမြှင့်တင်ရာတွင် ဆေးလိပ်ငွေ့ကင်းစင်သောနေရာများ၏ အရေးပါမှုမြင့်မားလာခြင်းကို အသိအမှတ်ပြုထင်ဟပ်စေသည်။ မြန်မာ၏ပုဂံအတွက် ဤဆုကို လက်ခံရရှိခြင်းမှာ ထင်ရှားသော မှတ်တိုင်တစ်ခုဖြစ် ❜



စေတီပုထိုးများရှေ့တွင် တွေ့ရသော "ဆေးလိပ်ငွေ့ကင်းစင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခွင်" ဆိုင်းဘုတ်။

# တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၂

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးတွင် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ စားရေရိက္ခာဖူလုံစေရေးနှင့် ပြည်သူများအတွက် အာဟာရပြည့်ဝသော အသား၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကနှင့် တောင်သူများ အပါအဝင် သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များတွင်ပါရှိသော မွေးမြူရေးမြေများ ဖော်ထုတ်နိုင်ရန်၊ တိရစ္ဆာန်ရောဂါ ကင်းရှင်းဇုန်၊ ရောဂါထိန်းချုပ်ဇုန်များ ဖော်ဆောင်နိုင်ရေး၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်အစာများ မှတ်ပုံတင်နိုင်ရန်နှင့် ကြီးကြပ်ကွပ်ကဲနိုင်ရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆောင်ရွက်သွားရန် ဖြစ်ကြောင်း ပြောကြားသည်။

**ပိုင်းဝန်းဆွေးနွေး**

ဆက်လက်၍ ဗဟိုကော်မတီ အတွင်းရေးမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိရစ္ဆာန်ကျန်းမာရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရေး အတွက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများမှ ပိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည့် မြန်မာနိုင်ငံတွင် မိုးစပါးနှင့် ဆောင်းရာသီသီးနှံများ၌ တွင်ကျယ်စွာ စမ်းသပ်အသုံးပြုနိုင်ရေးအတွက် ရုရှားနိုင်ငံထုတ် ရွက်ဖျန်း အားဆေးရည်များ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (Fund RC– Investments) မှ Mr. Oleg Kovalenko က ရွက်ဖျန်းအားဆေးရည် လှူဒါန်းရခြင်းနှင့် အသုံးပြုပုံနည်းလမ်းများကို ရှင်းလင်းတင်ပြပြီး ရွက်ဖျန်းအားဆေးရည် ထုတ်ကုန်သုံးမျိုး(စုစုပေါင်း ၂၉၃ လီတာ)ကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (Fund RC– Investments) အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (Fund RC– Investments) မှ ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

◆ စာမျက်နှာ ၁၀ မှ

တိုင်းဒေသကြီး/ပြည်နယ်အားလုံး၏ ဆေးလိပ်ငွေ့ကင်းစင်သောနေရာများဆိုင်ရာ အမျိုးသားပြန်လည်သုံးသပ်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ နေပြည်တော်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

**ဆေးလိပ်မသောက်ရ ပိုစတာများ နေရာအနှံ့တွင်ရှိ**

ပြင်ပကြော်ငြာအပိုင်းတွင်လည်း ဆေးလိပ်ငွေ့ကင်းစင်သော ကမ္ဘာ့အမွေအနှစ်ပုဂံတွင် ဆေးလိပ်ကြော်ငြာများမရှိသကဲ့သို့ “ဆေးလိပ်မသောက်ရ” ဆိုင်းဘုတ်များ၊ ဆေးလိပ်မသောက်ရ ပိုစတာများ၊ ကြော်ငြာဘုတ်များနှင့် ဂရုပ်ဖစ်ကျန်းမာရေးသတိပေးပိုစတာများ နေရာအနှံ့တွင် ရှိနေသည်ကို တွေ့ရှိရပါသည်။ မီးခိုးငွေ့ကင်းစင်သော ကမ္ဘာ့အမွေအနှစ်ပုဂံအကြောင်း အများပြည်သူသိရှိစေရန်အတွက် အဆိုပါမြင်သာသော ဆိုင်းဘုတ်များကို ဘုရားပုထိုးများနှင့် အခြားသောနေရာအနှံ့အပြားတွင် ပြသထားကြောင်းလည်း တွေ့ရှိရပါသည်။

ထို့အပြင် ပုဂံတွင် မီးခိုးကင်းစင်/ဆေးလိပ်ထိန်းချုပ်ရေးစာတိုများကို မြို့တော်၏ အဓိကနေရာများတွင် ပိုစတာများနှင့် ကြော်ငြာဘုတ်များအဖြစ် တွေ့ရှိရသကဲ့သို့ ပုဂံမြို့သည် ဆေးလိပ်ငွေ့ကင်းစင်သောမြို့ဖြစ်ကြောင်း ကြေညာထားသည့် ကြီးမားသော “ဆေးလိပ်ငွေ့ကင်းစင်သော ပုဂံ၊ ကျွန်ုပ်တို့၏ အမွေအနှစ်၊ ကျွန်ုပ်တို့၏ဂုဏ်” ကြော်ငြာဆိုင်းဘုတ်အား မြို့အဝင်တွင် အထင်ကရတွေ့ရှိရပါသည်။

အစိုးရ၏ပံ့ပိုးကူညီမှုအနေဖြင့် ပုဂံရှိ အစိုးရရုံးဌာနများအားလုံးသည် ဆေးလိပ်ငွေ့ကင်းစင်သောနေရာများအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။




အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ပုဂံ)အား မြန်မာကိုယ်စားလှယ်အဖွဲ့ လက်ခံရယူစဉ်။

ထိုကဲ့သို့သော သမိုင်းဝင်နှင့် ယဉ်ကျေးမှုအရ အရေးပါသော နေရာတစ်ခုတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးမူဝါဒကို အကောင်အထည်ဖော်ခြင်းဖြင့် ပုဂံသည် ခရီးသွားများအတွက် အတွေ့အကြုံကို မြှင့်တင်ပေးရုံသာမက အာဆီယံရှိ အခြားသောဒေသများအတွက် အပြုသဘောဆောင်သော စံနမူနာတစ်ခုလည်းဖြစ်သည်။ အဆိုပါဆုသည် မြို့သူမြို့သားများ၏ အမွေအနှစ်များကို နောင်လာနောက်သား မျိုးဆက်များအတွက် ထိန်းသိမ်းပေးကာ ဒေသတွင် နေထိုင်သူများရော ခရီးသွားများပါ အကျိုးရှိစေမည့် ပိုမိုသန့်ရှင်းကျန်းမာသော ပတ်ဝန်းကျင်ကိုဖန်တီးရန် ကြိုးပမ်းမှုများကို မီးမောင်းထိုးပြထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု(ပုဂံ)ကို လက်ခံရရှိခဲ့ပါသည်။

**ဆေးရွက်ကြီး မီးခိုးငွေ့၏ အန္တရာယ်ဆိုးကျိုးများမှ ကာကွယ်ပေး**

ပုဂံ၏ ဆေးလိပ်ငွေ့ကင်းစင်ရေး ပဏာမခြေလှမ်းသည် ခရီးသွားလုပ်ငန်းနှင့် ပြည်သူ့ကျန်းမာရေးအတွက် ရှေ့သို့ တွေးခေါ်နိုင်သော ချဉ်းကပ်မှုကို ကိုယ်စားပြုသောကြောင့် အထူးချီးကျူးထိုက်ပါသည်။ စေတီပုထိုးပေါင်းထောင်ချီရှိသော ရှေးဟောင်းမြို့သည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရာနေရာတစ်ခု ဖြစ်ပါသည်။ သို့သော်လည်း ဤခရီးသွားဧည့်သည်များ ဝင်ရောက်လာမှုသည် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုနေရာများ ပျက်စီးယိုယွင်းလာနိုင်သည့် အလားအလာများအပါအဝင် စိန်ခေါ်မှုများကို ဆောင်ကြဉ်းလာစေနိုင်သောကြောင့် ဆေးလိပ်ငွေ့ကင်းစင်ရေးမူဝါဒများကို အကောင်အထည်ဖော်ခြင်းဖြင့် ပုဂံသည် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ဆေးရွက်ကြီး မီးခိုးငွေ့၏အန္တရာယ်ဆိုးကျိုးများမှ ကာကွယ်ပေးရုံသာမက လေထုအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။

ထို့အပြင် ပုဂံ၏အောင်မြင်မှုသည် မြန်မာနိုင်ငံအတွင်းနှင့် အာဆီယံအသိုက်အဝန်းတစ်လျှောက်ရှိ အခြားမြို့များနှင့် ဒေသများအတွက် လှုံ့ဆော်မှုတစ်ခုဖြစ်သကဲ့သို့ ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးသည့် နည်းလမ်းဖြင့် အမွေအနှစ်နေရာများကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ကြောင်း သက်သေပြနေပါသည်။

နိဂုံးချုပ်အနေဖြင့် ပုဂံကိုပေးအပ်သော အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုသည် ကျန်းမာသန့်ရှင်းပြီး ပိုမိုရေရှည်တည်တံ့သော ပတ်ဝန်းကျင်ကို ဖန်တီးရန် မြို့တော်၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုခြင်းပင်ဖြစ်ပါသည်။ ပုဂံပြည်သူလူထုကို အကျိုးပြုရုံသာမက ဒေသတွင်းရှိ အခြားသော အမွေအနှစ်နေရာများအတွက် စံပြအဖြစ် ဆောင်ရွက်သည့် အောင်မြင်မှုတစ်ခုလည်း ဖြစ်ပါသည်။ ပုဂံသည် ခေတ်မီပြည်သူ့ကျန်းမာရေး အလေ့အကျင့်ကောင်းများကို လက်ခံကျင့်သုံးနေချိန်တွင် ရှေးဟောင်းအံ့ဖွယ်များကို ဆက်လက်ထိန်းသိမ်းထားသောကြောင့် ၎င်းသည် ရိုးရာဓလေ့နှင့် ဆန်းသစ်တီထွင်မှုများကို လက်တွဲလုပ်ဆောင်သည့်အခါ ပြီးမြောက်အောင်မြင်နိုင်သည့် တောက်ပသော ဥပမာတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး အဆိုပါ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုသည် မြန်မာ၏ပုဂံနှင့် အာဆီယံအသိုက်အဝန်းတစ်ရပ်လုံးအတွက် ဂုဏ်ယူစရာကောင်းသည့် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဆေးလိပ်ငွေ့ကင်းစင်သောပတ်ဝန်းကျင်၏ အရေးပါမှုကို ပြသနေပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

---

# သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

ကြို့ပင်ကောက် ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ဂုမ္ဘကွင်းကျေးရွာအုပ်စု ဂုမ္ဘကွင်းအရှေ့စုကျေးရွာမှ သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများအား မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုသည်။

ဂုမ္ဘကွင်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းတွင် အသင်းသားတောင်သူ ၃၂ ဦးက လယ် ၁၅၅ ဧကတွင် ဆင်းသုခစပါးမျိုးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသော စိုက်ပျိုးရေးသွင်းအားစုများဖြင့် အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားကြောင်း သမဝါယမအသင်းသားတောင်သူ ဦးဝင်းက ပြောသည်။

ကြို့ပင်ကောက်မြို့တွင် ကျေးရွာစိုက်ပျိုးရေးသမဝါယမအသင်း ကိုးသင်းတွင် တောင်သူ ၂၁၅ ဦးက လယ်ဧက ၁၂၅၀ တွင် ဆင်းသုခစပါးမျိုးများ စိုက်ပျိုးထားကြောင်း၊ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှင့် ညီမျှသော စိုက်ပျိုးရေးသွင်းအားစု ယူရီးယားဓာတ်မြေဩဇာတစ်အိတ်နှင့် ဆယ့်ငါးပတ်လည် ကွန်ပေါင်းတစ်အိတ်တို့ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ထောက်ပံ့ပေးထားကြောင်း၊ မိုးစပါးသီးနှံပေါ်ချိန်တွင် မြို့နယ်သမဝါယမအသင်းစုလီမိတက်သို့ ငွေကျပ် နှစ်သိန်းကို ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ကမာရွတ်၊ အလုံ၊ မရမ်းကုန်းခရိုင်)ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်၊ အလုံ၊ မရမ်းကုန်းခရိုင်များ၏(၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ MCC ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင်၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ(ကမာရွတ်၊ အလုံ၊ မရမ်းကုန်းခရိုင်) ခရိုင်အဆင့်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ကမာရွတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဦးညီညီ၊ ကမာရွတ်၊အလုံ၊မရမ်းကုန်းခရိုင်များမှခရိုင်အုပ်ချုပ်ရေးမှူးများနှင့် အကဲဖြတ်ဒိုင်အဖွဲ့၊ အကပညာရှင် ဒေါ်နွဲ့နွဲ့စန်းတို့က ခရိုင်ပြိုင်ပွဲအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး ဗဟန်းမြို့နယ် သဘင်ဥက္ကဋ္ဌ ရွှေတံဆိပ်ဆုရှင် ဦးသိဒ္ဓိအောင်က အောင်ပါစေသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို မွန်ပြည်နယ် ကိုကိုနိုင်နှင့်အဖွဲ့က ပုံ့ပိုးတီးခတ်ပေးပြီး ရွှေတံဆိပ်ဆုရှင် မောင်ကျော်လင်းနိုင်နှင့် မောင်ကျော်လင်းနောင်တို့က အကဖြင့် ဖျော်ဖြေတင်ဆက်မှု၊ မြောက်ဥက္ကလာပမြို့နယ်မှ နိုင်ငံကျော်ရွှေတံဆိပ် ၂၅ ဆုရှင် ဦးစိန်အေးမြင့်နှင့်အဖွဲ့က ရုပ်သေးအကဖြင့် ဖျော်ဖြေတင်ဆက်မှု၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး မင်္ဂလာဒုံမြို့နယ် သဘင် ဥက္ကဋ္ဌဦးထူးထူးနိုင်နှင့်အဖွဲ့က ရတနာမင်းဆင်အဖွဲ့ ကျောက်ဆည်ဆင်အကဖြင့်ဖျော်ဖြေတင်ဆက်မှု၊ ဗဟန်းမြို့နယ်မှ ဦးကျော်စွာလင်းနှင့်အဖွဲ့က အိုးစည်အတီးဖြင့် ဖျော်ဖြေတင်ဆက်မှုများအား ဒုတိယမြို့တော်ဝန် ဦးညီညီနှင့်တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

ဆက်လက်၍ ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ကမာရွတ်၊အလုံ၊မရမ်းကုန်းခရိုင်) ခရိုင်အဆင့်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးဦးဌေးအောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အဆို၊ အက၊ အရေး၊ အတီးပညာ စုစုပေါင်း ၇၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တံခွန်စိုက်ဒိုင်းဆုကို မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်က ရရှိသွားကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



## မြဝတီမြို့၌ အဆို၊ အက၊ အရေး ၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

မြဝတီ ဩဂုတ် ၂၂

၂၀၂၄ခုနှစ် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၁ ရက်က ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် City Home ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများက အကအလှများ၊ အဆိုများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်ကူညီလှူဒါန်းပေးသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်သည်။

ဆက်လက်ပြီး မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ကရင်ပြည်နယ် သာသနာ့နုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဘာသာပေါင်းစုံ ချစ်ကြည်ရေးနာယက ဦးစောမုတ်သုန်၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောလုပ်ငန်းရှင်များက အခြေခံပညာအဆင့် (၁၀-၁၅နှစ်)နှင့် (၁၅-၂၀နှစ်)အမျိုးသား၊ အမျိုးသမီးအကပြိုင်ပွဲ၊ အခြေခံပညာအဆင့်(၁၀-၁၅နှစ်)နှင့် (၁၅-၂၀နှစ်) အမျိုးသား၊ အမျိုးသမီး အဆိုပြိုင်ပွဲ၊ (၁၅-၂၀နှစ်)အမျိုးသား၊ အမျိုးသမီး ကာလပေါ်အဆိုပြိုင်ပွဲ၊ (၁၀-၁၅နှစ်)အမျိုးသား၊ အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲဆုရရှိသူများ၊(၁၀-၁၅နှစ်) အမျိုးသားစန္ဒရားအတီးပြိုင်ပွဲ ပထမဆုရရှိသူ၊ ဝါသနာရှင် (ဒုတိယတန်းအဆင့်) အမျိုးသား အက ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် ကဗျာလွတ်ပြိုင်ပွဲ (အဖွဲ့လိုက်)တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား ပြိုင်ပွဲတစ်ခုချင်းအလိုက် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ရမည်းသင်းခရိုင်အဆင့်)ဖွင့်ပွဲ ကျင်းပ

ရမည်းသင်း ဩဂုတ် ၂၂

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို ရမည်းသင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းဟန်၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးမြင့်နှင့် နည်းပညာတက္ကသိုလ်(ရမည်းသင်း) ကျောင်းအုပ်ကြီး ဒေါက်တာမြတ်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရာ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီးအကပြိုင်ပွဲဝင် နှစ်ဦး၊အခြေခံပညာအဆင့် (၁၀-၁၅နှစ်) အကပြိုင်ပွဲတွင် အမျိုးသားသုံးဦး၊ အမျိုးသမီး ငါးဦး၊ အခြေခံပညာအဆင့် (၁၅-၂၀နှစ်) အကပြိုင်ပွဲတွင် အမျိုးသားတစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ အခြေခံပညာအဆင့်(၁၀-၁၅နှစ်) အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲဝင်နှစ်ဦး၊ အမျိုးသား ခေတ်ဟောင်းကာလပေါ်ပြိုင်ပွဲဝင် တစ်ဦး၊အမျိုးသမီးပြိုင်ပွဲဝင်လေးဦး၊ ဇာတိဂုဏ်မြင့်မားရေးအဆိုပြိုင်ပွဲဝင် အမျိုးသားလေးဦး၊ ဝါသနာရှင် ဒုတိယတန်း (အမျိုးသမီး) ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲဝင်လေးဦး၊ အခြေခံပညာအဆင့် (၁၀-၁၅နှစ်) အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲဝင် တစ်ဦး၊ အမျိုးသမီးပြိုင်ပွဲဝင် လေးဦး၊ အခြေခံ (၁၅-၂၀နှစ်) အမျိုးသားခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲဝင်နှစ်ဦး၊ ဝါသနာရှင် ဒုတိယတန်း အမျိုးသား ပတ္တလားအတီး ပြိုင်ပွဲဝင်တစ်ဦး၊ တစ်ကိုယ်တော် ဆိုင်းအတီးပြိုင်ပွဲဝင်တစ်ဦးနှင့် ကဗျာလွတ်အဖွဲ့လိုက် အကတစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ထားဝယ်မြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြော

ထားဝယ် ဩဂုတ် ၂၂

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ EDU Park ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် တိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွေးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကောက်ယူရသည့် သမိုင်းကြောင်း၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်၊ သန်းခေါင်စာရင်း၏ ဥပဒေ၊ သန်းခေါင်စာရင်းဖွဲ့စည်းပုံ၊ သန်းခေါင်စာရင်းအသုံးဝင်ပုံ၊ အခြေခံအချက်အလက်များ၊ စာရင်းစစ်၊ စာရင်းကောက် တာဝန်ပေးအပ်မှု၊ သင်တန်းပို့ချသည့်အစီအစဉ်စသည့်တို့ကို ဆွေးနွေးဟောပြောပြီး သန်းခေါင်စာရင်းအသုံးအဆောင်ပစ္စည်းဖြစ်သည့် စပို့ရှပ်၊ တီရှပ်နှင့် ဦးထုပ်များအား ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးဦးခင်လှက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူ ၁၉၀ ခန့်တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား သန်းခေါင်စာရင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က မျောက်ကျောက်ရောဂါကူးစက်မှုဆိုင်ရာ ကာကွယ်တားဆီးရေးအတွက် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်း တောင်းခံ

ကုလသမဂ္ဂ ဩဂုတ် ၂၂

အာဖရိကအရှေ့နှင့် တောင်ပိုင်းတွင် မျောက်ကျောက်ရောဂါ ကူးစက်မှုဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းစဉ်များ မြှင့်တင်ဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်းခန့် ယနေ့ တောင်းခံခဲ့ကြောင်း သိရသည်။

ကင်ညာနိုင်ငံ မြို့တော် နိုင်ရိုဘီတွင် ပျံ့နှံ့လျက်ရှိသော မျောက်ကျောက်ဗိုင်းရပ်စ်အမျိုးအစားသစ်သည် ကလေးများအပါအဝင် နိုင်ငံသားများအတွက် ဆိုးရွားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ အရှေ့နှင့် တောင်ပိုင်းအာဖရိကဒေသဆိုင်ရာ ဒါရိုက်တာ အီလီဗာ ကာဒီလီက ပြောကြားသည်။

ဘူရွန်ဒီ၊ ရဝမ်ဒါ၊ ယူဂန်ဒါ၊ ကင်ညာနှင့် တောင်အာဖရိကတစ်လွှားတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၂၀၀ ကို တွေ့ရှိထားသည့်အတွက် ဒေသတွင်း၌ မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့မှု ပိုမိုများပြားလာနိုင်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရောဂါ ကူးစက်ပျံ့နှံ့မှုများရှိနေစဉ်အတွင်း ချက်ချင်းအသက်ကယ်တုံ့ပြန်မှုနှင့် နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုများ၊ အလုံးစုံကျန်းမာရေးစနစ်အားကောင်းစေရေး၊ မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ကလေးသူငယ်ကျန်းမာရေးအလုံးစုံကို ပံ့ပိုးပေးသည့် အစီအစဉ်များကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း ဒါရိုက်တာ အီလီဗာ ကာဒီလီက ဆက်လက်ပြောကြားသည်။



ထို့ပြင် လူထုကျန်းမာရေး အရေးပေါ်အခြေအနေသစ်များနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ မြင့်တက်လာနေကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က သတိပေးပြောကြားသည်။

မျောက်ကျောက်ဗိုင်းရပ်စ် မျိုးကွဲအသစ် clade Ib ကို တောင်အာဖရိကမှလွဲ၍ အခြားသောမျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့သည့် နိုင်ငံအားလုံးတွင် တွေ့ရှိထားပြီးဖြစ်သည်။

ယင်းမျောက်ကျောက်ဗိုင်းရပ်စ်သည် လူငယ်များအကြား ကူးစက်မှုပိုမိုလွယ်ကူကြောင်း၊ ကင်ညာနိုင်ငံအတွင်းရှိ ခရိုင် ၄၇ ခုအနက် ၂၆ ခုတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၇၀ ကျော်ရှိကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က အတည်ပြုပြောကြားသည်။

ရောဂါဖြစ်ပွားမှု၏ ၆၀ ရာခိုင်နှုန်းနီးပါးမှာ အသက် ၂၀ အောက်ကလေးများနှင့် ဆယ်ကျော်သက်များဖြစ်ပြီး ၂၁ ရာခိုင်နှုန်းမှာ အသက်ငါးနှစ်အောက် ကလေးငယ်များဖြစ်သည်။

ကင်ညာ၊ ဘူရွန်ဒီနှင့် ယူဂန်ဒါနိုင်ငံတို့၌ မျောက်ကျောက်ဗိုင်းရပ်စ်ကူးစက်မှုကို စိုးရိမ်ရသည့်အပြင် မိုးခေါင်ရေရှားမှုနှင့် ရေလွှမ်းမိုးမှုအပါအဝင် အရေးပေါ်အခြေအနေများစွာဖြင့် ရုန်းကန်နေရကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

# ထိုင်းနိုင်ငံရှိကျောင်းများတွင် စမတ်ဖုန်းအသုံးပြုမှု ကန့်သတ်မည်



ဗန်ကောက် ဩဂုတ် ၂၂

ထိုင်းနိုင်ငံရှိ ကျောင်းများတွင် ကျောင်းသားများအား စမတ်ဖုန်းနှင့် ဒစ်ဂျစ်တယ် အီလက်ထရွန်နစ်ကိရိယာများ အသုံးပြုမှုကန့်သတ်သွားရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုကဲ့သို့ ပိတ်ပင်ရခြင်းမှာ ကျောင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ယင်းကိရိယာများက အနှောင့်အယှက်ပေးခြင်းကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ကျောင်းသားများသည် စမတ်ဖုန်းများ၊ တက်ဘလက်များနှင့် အခြားဒစ်ဂျစ်တယ်နည်းပညာသုံး ပစ္စည်းများကို ကျောင်းသို့ ယူဆောင်လာကြပြီး အချိန်အမြောက်အမြားပေးကာ သုံးစွဲနေသည်ကို တွေ့ရကြောင်း ပညာရေးဝန်ကြီး ပန်ပွန် ချီချော့ဒ်က ပြောကြားသည်။

ယင်းကိရိယာများကို အလွန်အကျွံသုံးစွဲခြင်းဖြင့် ရေရှည်တွင် ကျောင်းသားများ၏ အာရုံစူးစိုက်မှုနှင့် ဉာဏ်ရည်အပေါ်ထိခိုက်မှုများရှိလာကြောင်း ပညာရှင်များက မှတ်ချက်ပြုပြောကြားသည်။ လေ့လာတွေ့ရှိချက်အရ စမတ်ဖုန်းကဲ့သို့သော ကိရိယာများကို ခြောက်နာရီကျော်ကြာအသုံးပြုသည့် ကျောင်းသားများသည် ၎င်းတို့ထက် ဖုန်းသုံးစွဲချိန်လျော့နည်းသည့် ကျောင်းသားများထက် ဉာဏ်ရည်နိမ့်ကျကြောင်း တွေ့ရှိရသည်။

နိုင်ငံအများအပြားတွင်ကျောင်းချိန်အတွင်း စမတ်ဖုန်းကဲ့သို့သော ကိရိယာများကို အသုံးပြုခြင်းမှ ပိတ်ပင်နေသည်။

ကိုးကား– ဗွီအင်န်အိတ်ပရက်

ဘာသာပြန် – စိုးသူရ

# မျောက်ကျောက်ရောဂါကူးစက်ခံစားနေရသည့် နိုင်ငံများသို့ ပြင်သစ်အစိုးရက ကာကွယ်ဆေး တစ်သိန်းခန့် လှူဒါန်းမည်

ပါရီ ဩဂုတ် ၂၂

ပြင်သစ်အစိုးရက နိုင်ငံအတွင်း၌ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးထိုးစင်တာများဖွင့်လှစ်ရန် ပြင်ဆင်နေချိန်တွင် ရောဂါဖြစ်ပွားလျက်ရှိသည့် နိုင်ငံများသို့ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးအလုံးရေ တစ်သိန်းခန့် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးများကို ဥရောပသမဂ္ဂမှတစ်ဆင့် ဗိုင်းရပ်စ်ပျံ့နှံ့လျက်ရှိသည့် နိုင်ငံနှင့် ဒေသများသို့ ဖြန့်ဝေသွားမည်ဖြစ်သည်။

အာဖရိကဒေသတွင် မျောက်ကျောက်ရောဂါဖြစ်ပွားမှု မြင့်တက်လာသည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အခြေအနေအဖြစ် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံက ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ မျောက်ကျောက်ရောဂါကာကွယ်ဆေး ငါးသောင်း လှူဒါန်းမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကာကွယ်ဆေးထုတ်လုပ်မှုကို တိုးမြှင့်လုပ်ဆောင်ရန် တောင်းဆိုထားပြီး ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်များကို ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသည့်နိုင်ငံများ၌ အဓိကဦးစားပေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ဥရောပသမဂ္ဂနှင့် ဒိန်းမတ်ဆေးဝါးကုမ္ပဏီ Bavarian Nordicတို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အာဖရိကဒေသတစ်ဝန်း၌ မျောက်ကျောက်ရောဂါကာကွယ်ဆေး နှစ်သိန်းခန့်ကို ဖြန့်ကြက်ချထားမည်ဟု အာဖရိကသမဂ္ဂကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

ကိုးကား – အာအက်ဖ်အိုင်

ဘာသာပြန် – အောင်ကျော်ကျော်

# ပေါ်တူဂီနာမည်ကျော်ဘောလုံးသမား ခရစ်တီရာနိုရော်နယ်ဒို၏ လူမှုမီဒီယာ ယူကျူချယ်နယ်ကြည့်ရှုသူ စံချိန်တင်

လစ္စဘွန်း ဩဂုတ် ၂၂

ပေါ်တူဂီနာမည်ကျော်ဘောလုံးသမား ခရစ်တီရာနိုရော်နယ်ဒို၏ လူမှုမီဒီယာ ယူကျူချယ်နယ်သည် စတင်ထုတ်လွှင့်သည့်နေ့၏ နေ့တစ်ဝက်အချိန်အတွင်း ကြည့်ရှု အားပေးသူ ပရိသတ် ၁၀ သန်းကျော်ရှိခဲ့ကြောင်း သိရသည်။

ယူအာ ခရစ်တီရာနိုအမည်ရှိ ၎င်းယူကျူချယ်နယ်အား ယမန်နေ့ ည ဂနာရီမှ စတင်ထုတ်လွှင့်ပြသခဲ့ပြီး မိနစ် ၉၀ အတွင်း ကြည့်ရှုသူ တစ်သန်းကျော်အထိရှိလာသောကြောင့် လူမှုမီဒီယာတွင် ကြည့်ရှုသူ စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်တွင် လူမှုမီဒီယာမှတစ်ဆင့် ပရိသတ်နှင့်ထိတွေ့ချင်သည့် မိမိ၏အိပ်မက်သည် အကောင်အထည်ပေါ်လာခဲ့ကာ ပရိသတ်များအနေဖြင့် မိမိ၏အကြောင်းအရာအပါအဝင် မိမိ၏မိသားစုနှင့် ရုပ်တည်ချက်များကို သိရှိခွင့်ရမည်ဖြစ်ပြီး စကားစမြည်ပြောဆိုခွင့်ရရှိမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လက်ရှိအချိန်တွင် ဗီဒီယို ၁၃ ခုနှင့် ရုပ်သံဖိုင် ခုနစ်ခုကို တင်ထားပြီး ကြည့်ရှုသူများ၏ အားပေးမှုကို ရရှိနေကြောင်း သိရသည်။

ကိုးကား – ဗွီအင်န်အိတ်ပရက်၊ ဘာသာပြန် – စိုးသူရ



# အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဆေးဝါးစက်ရုံတစ်ရုံ မီးလောင်

နယူးဒေလီ ဩဂုတ် ၂၂

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဆေးဝါးစက်ရုံတစ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ခဲ့ရာ အနည်းဆုံး ၁၄ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။



ယင်းမီးလောင်မှုသည် အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြို့တော် ဗီရှာကာပတ်တနန် ၏ အနောက်ဘက် ကီလိုမီတာ ၃၀ အကွာရှိ အနာကာပေလီခရိုင် အက်ချူတာပူရန် အထူးစီးပွားရေးဇုန်ရှိ ဆေးဝါးစက်ရုံမှ ဓာတ်ပေါင်းဖိုအနီးတွင် ပေါက်ကွဲမှုဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ဖြစ်စဉ်အသေးစိတ်ကို မကြာမီထုတ်ပြန်မည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဝန်ထမ်းများနေ့လယ်စာစားချိန်တွင် ယခုဖြစ်စဉ် ဖြစ်ပွားခဲ့သဖြင့် အသေအပျောက်နည်းနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

လက်ရှိအချိန်တွင် မီးသတ်သမားများက မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ တိုက်ခန်းအတွင်းဝင်ရောက်၍ ငွေများခိုးယူသူ နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဩဂုတ် ၂၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် CL-2 တိုက်(၁၀) အခန်း(၁၄)နေ ဒေါ်ဝင်းဝင်းမော် (၅၃ နှစ်) သည် ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ရုံးမှ နေအိမ်တိုက်ခန်းသို့ ပြန်လည်ရောက်ရှိစဉ် အိပ်ခန်းရှိ ဗီရိုအတွင်းထားရှိသော ငွေကျပ် ၄၈၅၈၀၀၀၀ အနက် ငွေကျပ် ၈၀၀၀၀ ကိုသာ တွေ့ရှိရပြီး ငွေ ၄၈၅ သိန်းကျပ်မှာ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် တိုင်တန်းချက်အရ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) နယ်မြေရဲစခန်း (ပ)၃၈/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်စုံစမ်းခဲ့သည်။



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ တိုက်ခန်းအတွင်း ဝင်ရောက်၍ ငွေများခိုးယူသူ နှစ်ဦးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် အခင်းဖြစ်ရပ်မှတ်တမ်းများ စစ်ဆေးခြင်း၊ ၎င်းတိုက်တွင် ဧည့်စိမ်းရောက်ရှိနေထိုင်မှု ရှိ/မရှိတို့ကို စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ CL-2 တိုက်(၁၀) အခန်း(၀၄)နေ စန်းစန်းမော်(၃၈ နှစ်)၏ နေအိမ်တိုက်ခန်းတွင် အစ်ကိုဝမ်းကွဲဖြစ်သူ တင်ထွေး(၄၀ နှစ်)ရောက်ရှိနေထိုင်လျက်ရှိကြောင်းသိရှိရ၍ စန်းစန်းမော်နှင့် တင်ထွေးတို့ကို ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ စန်းစန်းမော်သည် အစ်ကိုဝမ်းကွဲဖြစ်သူ တင်ထွေးအား အခန်း(၁၄)နေ ဒေါ်ဝင်းဝင်းမော်၏ တိုက်ခန်းအတွင်း ငွေများဝင်ရောက်ခိုးယူရန် စေခိုင်းသဖြင့် ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အဆိုပါတိုက်ခန်းအတွင်း လူမရှိချိန်၌ အခန်းတံခါးသော့ဖျက်ဝင်ရောက်ကာ ငွေကျပ် ၄၈၅ သိန်းခိုးယူခဲ့ပြီး စန်းစန်းမော်နှင့်အတူ CL-4 တိုက် နောက်ကျောဘက်ရှိ ချုံထဲတွင် ကြွပ်ကြွပ်အိတ် အစိမ်းရောင်ဖြင့်ထုပ်၍ ဝှက်ထားကြောင်း သိရှိရ၍ သက်သေခံပစ္စည်းများအား သက်သေများနှင့်အတူ သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်တွင် တိုက်ခန်းအတွင်း ဝင်ရောက်၍ ငွေများခိုးယူသူ တရားခံ တင်ထွေးနှင့် စန်းစန်းမော်တို့နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်းတည်မြို့နယ်နှင့် ကလေးမြို့တို့ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား

**နေပြည်တော် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပုံချီတက်ကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ကားတစ်စီး၊ ဆိုင်ကယ်တစ်စီးတို့ကိုလည်း ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဩဂုတ် ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။







အဆိုပါသတင်းနှင့်ပတ်သက်၍ ပေါင်းတည်မြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဩဂုတ် ၂၀ ရက်က ပုံချီတက် ကျေးရွာအနီးတစ်ဝိုက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း ၎င်းကျေးရွာမှ နေအိမ်များ၊ ကားနှင့် ဆိုင်ကယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ခြင်းမရှိကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သုံးအိမ်စုကျေးရွာနှင့် ရှားတောကျေးရွာတို့ကို ဩဂုတ် ၂၀ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၂၀ ရက်က ရှားတောကျေးရွာအတွင်း အကြမ်းဖက်သမားများ ရောက်ရှိနေပြီး ဒေသခံပြည်သူများအား အဓမ္မလူသစ်စုဆောင်းခြင်းနှင့် ငွေကြေး ကောက်ခံခြင်းများ လုပ်ဆောင်နေကြောင်း သတင်းအရ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ရှားတောကျေးရွာအတွင်းရောက်ရှိနေသည့် အကြမ်းဖက်သမားများကို ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့ရာ အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းတို့ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ လိုက်လံတိုက်ခိုက်ခြင်းမရှိစေရန်အတွက် ရှားတောကျေးရွာမှ နေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့သည့် အတွက် နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် ၎င်းတို့ထံမှ အကြမ်းဖက်သမား အလောင်း နှစ်လောင်း၊ သေနတ် လေးလက်၊ လက်ပစ်ဗုံး နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သည့် မြို့ရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခြင်း စသည့် တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မက်မန်းမြို့နယ် ဝါလုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်း

**မက်မန်း ဩဂုတ် ၂၂**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက မင်းရန်အောင်ကျေးရွာအုပ်စု ဝါလုကျေးရွာ၌ ကျင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မင်းထွန်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် နားလုံကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ ကျေးရွာသားများကတာဝန်ယူ၍အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ဝါလုကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

၂၂၂

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၂၃-၈-၂၀၂၄ သောကြာနေ့**

### MRTV HD

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အင်္ဂုလိမာလ်သုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၄၀** "စိတ်အပန်းပြေစေဖို့နေပြည်တော်ကိုလာလည်ဖို့"
- **၀၉:၁၅** စကားဝါးမြေမှုပွဲမြို့တော်တော်
- **၀၉:၄၀** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၅** လူမှုစီးပွားသတင်းများ
- **၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ဂုဏ်တားကွက်'** (အပိုင်း-၃)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟန်ဆောင်ကမ္ဘာထဲကရွှေရည်စိမ်မှတ်တမ်း'** (အပိုင်း-၉)
- **၁၅:၂၀** လူငယ်ရေးရာအစီအစဉ်
- **၁၆:၅၀** မျိုးဝှက်တင့်စေဆိုကရေးတီးအငွေ
- **၁၇:၁၀** နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်နဲ့စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
- **၁၇:၂၅** Weekly Sports Info
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ပြည်ချစ်သားမွန်တေးသဂင်္ဂ
- **၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ဂုဏ်တားကွက်'** (အပိုင်း-၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** International Songs တေးဂီတဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- **၂၂:၁၅** မြန်မာဇာတ်လမ်းတွဲ **'အုံ့ဘွယ်ချစ်ပုံပြင်'** (အပိုင်း-၁၄)

### mitv

- **07:01** Evergreen Classic: Myanma Panorama and Myanma Sentiment
- **07:07** Image Of The Monks
- **07:24** Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone
- **07:42** Tha Khut Salad (Myanmar Style)
- **08:01** News
- **08:26** Asia Updates: Alpine Wetlands
- **08:32** Malikha & Fairy Island
- **08:45** Tourism Development in Myanmar
- **08:48** People's Military Service Law 1
- **09:01** Traditional Myanmar Theatrical Performance: Eain Mhat Pan Che (Symphony Orchestra)
- **09:14** Finding Ways for Coexistence between People and Elephants
- **09:29** Artistic Values & Aesthetic Traditions
- **09:52** K- Pop Live Show ( Fly High)
- **10:01** News
- **09:26** Lifestyle & Entertainment (Weekly Updates)
- **09:35** Danu Food: Pounded Crab Apple Salad

### MRTV NRC

- **ဝ (၀၆:၀၀ မှ ၀၈:၀၀)** 'ဝ' ဘာသာစကားပြောကြရအောင် (အသီးအနှံအဝေါ်အဝေါ်)
- **ကချင် (၀၈:၀၀ မှ ၁၀:၀၀)** မူလာရိုးဒီးသို့အလည်တစ်ခေါက်
- **ကယား (၁၀:၀၀ မှ ၁၂:၀၀)** ဖားဆောင်းမြို့နယ်အတွင်းရှိအဆင့်မြင့်မော်ချီးသတ္တုတွင်း
- **ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)** ဟံသာဝတီပဲခူး
- **အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)** ကရင်မြို့ရွာကလေးရဲ့ခေါင်ရည်ချို
- **အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)** သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ
- **ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)** မြင်းဘွာရွက်ရဲ့အစွမ်း
- **ချင်း (ချိုး) (၁၇:၀၀ မှ ၁၈:၀၀)** ချင်းသီချင်းကြီး (အပိုင်း-၉)
- **မွန် (၁၇:၀၀ မှ ၁၉:၀၀)** ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁) (အံ့တော်ရှင်ကျိုက်ထီးရိုး)
- **ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၆)
- **ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)** ရှမ်းခေါင်းပေါင်းပေါင်းနည်း

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၀၅** လှုပ်လှုပ်ရှားရှားအားကစား
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၉:၄၅** ရသစုံစွာ၏မြေကမ္ဘာ
- **၁၀:၄၅** Soccer View
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (**ကိုရီးယားနိုင်ငံ**)
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"အပေါင်းအသင်း"**
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (**ဝင်ကာပူနိုင်ငံ**)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (**ထိုင်းနိုင်ငံ**)
- **၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်သို့ (အပိုင်း-၄၂)
- **၁၈:၀၀** Economic Review "AT Governance"

### MRTV FARMERS' / HTV Channel

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၁၅** သဘော်စိုက်ပျိုးနည်းနှင့်သဘော်သီးချဉ်စပ်ယိုပြုလုပ်နည်း
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၀၀** News Flash (New)
- **၁၈:၃၀** Gardeners' World 2023 Eps 4
- **၁၉:၀၀** Street Food in Côte d'Ivoire Insane VERTICAL BBQ in Abidjan (West Africa)
- **၂၂:၀၀** Thirteen Lives (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၅** Sports Diary
- **၀၇:၄၀** Socer View
- **၁၁:၀၀** အားကစားသတင်း
- **၁၅:၁၅** မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု Myawady FC Vs Mahar United FC

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုင်းခတ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မိုင်းခတ် ဩဂုတ် ၂၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၁ ရက်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်သို့ ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မိုင်းခတ်မြို့ကို လာရောက်ရခြင်းသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လိုအပ်ချက်များ ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်အခက်အခဲများရှိပါက တင်ပြဆွေးနွေးပေးကြရန် ပြောကြားသည်။




ထို့နောက် မိုင်းခတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်စိုးက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အားကစားခန်းမတည်ဆောက်ပေးရေး၊ ကျန်းမာရေးနှင့် မိုင်းခတ်မြို့ပတ်လမ်းရရှိရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲ တက်ရောက်လာသည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ဒေသအတွက်လိုအပ်သည့် ဖုန်းလိုင်းရရှိရေး၊ ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ပေးနိုင်ရေး၊ ကျေးရွာလမ်းရရှိရေးတို့ကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မိုင်းခတ်မြို့နယ်ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ မိုင်းခတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လည်းကောင်း၊ ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ပါဆန်ကျကျေးရွာနှင့် ဟွေဖယ်ကျေးရွာအတွက် VDP ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ စီ ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာတာဝန်ရှိသူများကလည်းကောင်း လက်ခံရယူကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းယန်းမြို့နယ် ဒေသခံတောင်သူများနှင့် တွေဆုံရာ ဒေသခံများက ဒေသထွက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးသီးနှံများ တစ်နေရာမှတစ်နေရာသို့ လျင်မြန်စွာပို့ဆောင်နိုင်ရေး ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရန် လိုအပ်သည်များကိုတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသခံတောင်သူများအား ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းအားတိုးဆေးတို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အလုပ်ခွင်ပြင်ပထိခိုက်သေဆုံးမှုနှင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်များထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာနမှ အာမခံဝန်ထမ်းနှင့် ပုဇွန်တောင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ကြေးမုံသတင်းစာတိုက်မှ အာမခံ ဝန်ထမ်းများအတွက် အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၀ ရက်က ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေး တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တွံတေးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာနမှ အာမခံဝန်ထမ်း ဦးကျော်ကျော်၏ အလုပ်ခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၉၀၀၀၀၀၀ကို ဇနီးဖြစ်သူ ဒေါ်ဇင်ယော်ထွန်းနှင့် ကြေးမုံသတင်းစာတိုက်မှ အာမခံဝန်ထမ်း ဦးကျော်ကျော်ဦး၏ အလုပ်ခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၂၉၄၈၄၀၀ ကို ကာယကံရှင်ဖြစ်သူတို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာ၌ ရက်ကန်းလုပ်ငန်း အတိုင်အစည်း နည်းပညာသင်တန်းဆင်းပွဲကျင်းပ

ညောင်ရွှေ ဩဂုတ် ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ ရက်ကန်းအတိုင်အစည်း နည်းပညာသင်တန်းဆင်းပွဲကို ဩဂုတ် ၂၁ရက် နံနက်ပိုင်းက အင်းပေါခုံကျေးရွာ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးတို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးသည့် ရက်ကန်းအတိုင်အစည်း နည်းပညာနှင့်ပတ်သက်သည့် အသိပညာ၊အတတ်ပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချပြီး ကိုယ်ပိုင်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ရက်ကန်းလုပ်ငန်း အတိုင်အစည်းနည်းပညာသင်တန်းကို ညောင်ရွှေမြို့နယ် အတွင်းရှိ အင်းပေါခုံ(ရှေ့)၊ အင်းပေါခုံ(နောက်)၊ အင်းပေါခုံ(တောင်)၊ အင်းပေါခုံ (မြောက်)၊အင်းပေါခုံ(လယ် ) နှင့် ကျောင်းစင်ကျေးရွာ တို့မှ စုစုပေါင်း သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ရက်ကန်းနှင့်ပတ်သက်သည့် အတိုင်အစည်းနည်းပညာများကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်နည်းပြများက ရက်ပေါင်း ၂၀ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

 JJJ



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “User49270 532662” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘူးလယ်အင်းကျေးရွာနေ ကျော်ကိုကို (၃၀)နှစ်အား နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ “Alphayairyinttaly” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်ပင်စမ်းကျေးရွာနေ သန်းဇော်ဌေးအား နံနက် ၉ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Lashio Ko Ko” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မြင်းခြံမြို့နယ် ရွာသာအေးကျေးရွာနေ ဇော်မျိုးဦး(ခ) အောင်ဗလအား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊“Moe Lay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်ကျေးရွာနေ မိုးလေးအား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လှိုင်ကော်မြို့ရှိ ဆရာ ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



နေပြည်တော် ဩဂုတ် ၂၂

ကယားပြည်နယ် လှိုင်ကော်မြို့ မင်းစုရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ဒေါတမရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ဒေါတမ)ရှိ ဆရာ ဆရာမများ အား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းများ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ကျောင်းအုပ် ဆရာမကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆရာ ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက လက်ခံရယူကြသည်။

ယင်းနောက် ဆရာ ဆရာမများ၏ တင်ပြချက်များကို တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ အဆိုပါကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်ကြက်သားဆန်ပြုတ်များ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဩဂုတ် ၂၂

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများ အပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ သံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ကာဒစ်စတန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Erbil မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မလွင်လွင်ကြည်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)၊ အီရတ်အာဏာပိုင်နှင့် ရွှေ့ပြောင်းအလုပ်သမားများအရေး ကူညီဆောင်ရွက်ပေးနေသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အီရတ်နိုင်ငံ ကာဒစ်စတန်ဒေသ အခြေစိုက် SEED လူမှုကူညီရေးအဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်၍ မလွင်လွင်ကြည်အား ပိတ်လှောင်ခံထားရသည့် အေဂျင်စီရုံးမှ ကယ်ဆယ်ခဲ့သည့်အပြင် IOM နှင့် SEED အဖွဲ့ အစည်းများကလည်း အီရတ်နိုင်ငံ၏ ပြည်တွင်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြန်မာသံရုံးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ မလွင်လွင်ကြည်သည် ဩဂုတ် ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၅ မိနစ်တွင် အီရတ်နိုင်ငံ Erbil မြို့မှ တူကီယဲနိုင်ငံ Istanbul မြို့လေဆိပ်သို့ ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ဗန်ကောက်-ရန်ကုန်လေကြောင်း ခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ထွက်ခွာခဲ့ရာ ယနေ့ည ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**ကူညီဆောင်ရွက်ပေး**

အရှေ့အလယ်ပိုင်း နိုင်ငံများတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး တို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

☆ ကျောဖုံးမှ

သစ္စာအားမာန်အသင်းက ၁၁ ပွဲကစား ၁၄ မှတ်၊ ရတနာပုံအသင်းက ၁၁ ပွဲကစား ၁၂ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၁၀ မှတ်၊ မြဝတီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းက ၁၁ ပွဲကစား ခြောက်မှတ်စီ၊ မဟာယူနိုက်တက်အသင်းက ၁၁ ပွဲကစား ငါးမှတ်ရရှိထားသည်။

ပွဲစဉ် (၁၂) နောက်ဆုံးနေ့ကို ဩဂုတ် ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စလင်းကွင်း၌ ရှမ်းယူနိုက်တက်နှင့် Junior Lions အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MNL**

# ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၂

ယနေ့နံနက် ၈ နာရီ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာအုပ်စု)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ(၃၉၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၇၅ | ၃၀၅၅ | ၃၀၃၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၀ | ၃၀၃၅ | ၃၁၆၅ | ၃၁၉၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၉၅ | ၃၀၈၀ | ၃၀၉၅ | ၃၄၉၅ | ၅၈၀၀ |
| 95 Ron | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၅ | ၃၂၀၀ | ၃၂၁၀ | ၃၂၂၅ | ၃၁၇၅ | ၃၃၀၅ | ၃၃၃၅ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၅ | ၃၂၂၀ | ၃၂၃၅ | ၃၆၄၀ | ၆၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၂၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၃၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၃၅ | ၂၇၂၅ | ၃၁၃၀ | ၅၈၀၀ |
| HSD (50 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၈၀၀ |
| HSD (10 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၉ | ၂၉၀၉ |
| 95 Ron | ၂၉၅၅ | ၃၀၄၈ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၃၀၃၇ | ၃၁၂၈ |
| HSD (10 ppm) | ၃၀၃၇ | ၃၁၂၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




# အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မိဘဆရာအသင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မိဘဆရာအသင်းနာယက အင်းစိန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၂) ဦးဘိုကြည်က အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-12 ဂုဏ်ထူးရှင်များ ဖြစ်ကြသည့် ငါးဘာသာ၊ သုံးဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များနှင့် Grade-9 တွင် A အဆင့် ဆုရရှိသော ကျောင်းသား ကျောင်းသူ ၈၉ ဦးတို့အား ကျောင်းအုပ်ဆရာမကြီးနှင့် မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် အတန်းလိုက် တာဝန်ခံဆရာ ဆရာမများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၂-၈-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၅၀၅။ | မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်နှင့် တိုင်းအသင်းများကောင်းမှု | ၁၆၀၀၀၀၀ |
| ၉၅၀၆။ | ကွယ်လွန်သူမိဘများနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ (သား)မောင်စိုင်းနော်ခမ်းတို့အားရည်စူး၍ ဦးမျိုးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၅၀၇။ | ကွယ်လွန်သူမိဘ ဦးဘကျော်နှင့် ဒေါ်တင်ဦးတို့အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၉၅၀၈။ | မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှအလှူရှင်များကောင်းမှု | ၃၆၀၀၀၀ |
| ၉၅၀၉။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးကျော်မြင့်နှင့် ဒေါ်ညွန့်မေတို့အားရည်စူး၍ (သမီး)ဒေါ်မြင့်မြင့်သန်း၊ (သား) ဦးဝင်းမင်း၊ ဦးစိုးနိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၅၁၀။ | ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၅၁၁။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ဌေးဌေး၊ (သမီး)မအိမွန်မြင့်ဦး၊ မပုလဲမြင့်ဦးမိသားစုကောင်းမှု | ၁၃၀၀၀၀ |
| ၉၅၁၂။ | ဦးမင်းဆွေနှင့်ဇနီး ဒေါ်သီတာမြင့်(ခ)ဒေါ်မြတ်ခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၁၃။ | ကွယ်လွန်သူ ဒေါ်ခင်ညွန့်ဝေအားရည်စူး၍ ဦးမြင့်ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၁၄။ | ကွယ်လွန်သူ ဦးသိန်းတင်နှင့် သား ဗိုလ်ကြီးချစ်ကောင်းတို့အားရည်စူး၍ ဒေါ်မြရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၁၅။ | ဦးအောင်နိုင်ထူးနှင့်ဇနီး ဒေါ်ခင်နွယ်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၁၆။ | ဒေါက်တာဦးကျော်ကျော်အောင်နှင့်ဇနီး ဒေါ်မိမိခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၁၇။ | ဦးခင်မောင်ထွေးနှင့်ဇနီး ဒေါ်ဖြူဖြူဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၁၈။ | ဦးဖုန်းအောင်လင်းနှင့်ဇနီး ဒေါ်သဲသဲမွန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၅၁၉။ | ဦးသက်တင်လှိုင်နှင့်ဇနီး ဒေါ်သီတာချိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၂၀။ | ဦးဉာဏ်လင်းဌေးနှင့်ဇနီး ဒေါ်ကေသွယ်၊ (သား)မောင်မင်းမြတ်ချစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၂၁။ | ဦးအေးသီခိုင်နှင့်ဇနီး ဒေါ်ခင်ချိုဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၂၂။ | မိဘနှစ်ပါးအားအမှူးထား၍ ဦးသန့်လှိုင်နှင့် ဇနီး ဒေါ်ပိုက်၊ ဒေါ်စုစုလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၂၃။ | ဦးတင်လင်းအောင်နှင့်ဇနီး ဒေါ်ဆွေဆွေသော်လင်းဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၂၄။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်အေးအေးကြွယ်၊ (သမီး)ဒေါက်တာသန္တာဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၂၅။ | ဦးသိန်းလှနှင့်ဇနီး ဒေါ်တင်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၂၆။ | ဦးစောသိန်းဦးနှင့်ဇနီး ဒေါ်ဝင်းကြွယ်ကြွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၂၇။ | ကွယ်လွန်သူ ဒေါ်နော်မူတူတူအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၂၈။ | ဦးအောင်အောင်သိန်းနှင့်ဇနီး ဒေါ်မိုးသူဇာဝင်း၊ (သား)မောင်ခေတ်နိုင်၊ (သမီး) မဖြူမဟာနွယ် မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၉၅၂၉။ | ဒေါ်သန်းညွန့်မိသားစုကောင်းမှု | ၅၅၀၀၀ |
| ၉၅၃၀။ | ဦးညွန့်ဝင်းနှင့်ဇနီး ဒေါ်အေးကြွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၃၁။ | ဦးမျိုးတင့်နှင့်ဇနီး ဒေါ်ခင်ခင်ကြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၃၂။ | နှစ်ဖက်သောမိဘနှစ်ပါးအားအမှူးထား၍ ဦးထက်ကျော်အေးနှင့်ဇနီး ဒေါ်သဲအိစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၃၃။ | ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်အုန်းသင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၃၄။ | ကချင်ပြည်နယ်လူငယ်ရေးရာကော်မတီမှ လူငယ်များ ကောင်းမှု | ၅၀၀၀၀ |
| ၉၅၃၅။ | ဒေါက်တာဇော်သန်းနှင့်ဇနီး ဒေါ်ခင်စောဝင်း၊ (သမီး) မနှင်းအေးခိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၅၃၆။ | ဆရာတော် ဦးသောဝကာကောင်းမှု | ၅၀၀၀၀ |
| ၉၅၃၇။ | ဆရာတော် ဦးဇဝနကောင်းမှု | ၅၀၀၀၀ |
| ၉၅၃၈။ | ဆရာတော် ဦးသုမနကောင်းမှု | ၅၀၀၀၀ |
| ၉၅၃၉။ | ဦးမျိုးဟေမာန်နှင့်ဇနီး ဒေါ်ကြူကြူမော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၄၀။ | ဒေါ်ဆွေဆွေမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၄၁။ | ဦးညိုလုံးနှင့်ဇနီး ဒေါ်နန်းငင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၄၂။ | ဦးသက်ခိုင်ဦးနှင့်ဇနီး ဒေါ်ဖြူဖြူဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၄၃။ | ဦးထွန်းအောင်နှင့်ဇနီး ဒေါ်ခင်ဆွေဝင်း၊ (သမီး)မသက်မြတ်နိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၄၄။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၅၄၅။ | ကွယ်လွန်သူ ဦးဝင်းမောင်အားရည်စူး၍ ဒေါ်ဝင့်၊ (သား) မောင်သန့်၊ မောင်အံ့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၄၆။ | ဦးဇေယျာမျိုးမြင့်နှင့်ဇနီး ဒေါ်အားရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၄၇။ | ကိုငြိမ်းချမ်းထွန်းနှင့်ဇနီး ဒေါ်မြနှင်းအေး၊ (သမီး)မနန်းသွန်းဝတီအောင်၊ မယွန်းဝတီထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၄၈။ | ဦးမြင့်မောင်ဦးနှင့် ဦးမြင့်မောင်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၄၉။ | ဦးကျော်ကျော်နိုင်နှင့်ဇနီး ဒေါ်သီတာအောင်၊ (သမီး)မခင်ရတနာသန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၅၀။ | ဦးမြငြိမ်းနှင့်ဇနီး ဒေါ်သိန်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၅၁။ | ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်မြင့်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၅၂။ | ဒေါ်ဌေးဌေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၅၃။ | ဒေါ်သွဲ့သွဲ့ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၅၄။ | ဒေါ်ခင်လေးဝါနှင့် မငယ်ငြိမ်းဆုရည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၅၅။ | မချမ်းမြမြဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၅၆။ | ဦးသက်ပိုင်ထွန်းနှင့်ဇနီး ဒေါ်ဝေဝေမာ၊ (သား)မောင်ရဲမြတ်ပိုင်၊ (သမီး)မခင်မှူးပိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၅၇။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်နီနီအုန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၅၈။ | ဒေါ်သိန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၃၂၁၆

**ပတ်စ်ပို့ပျောက်**

(ဘ) ဦးလှမောင်၏သမီး မိုင်နှင်းနှင်းဦး[၈/တတက(နိုင်) ၁၅၁၃၃၅]၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 970659)ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-792277622

**ပတ်စ်ပို့ပျောက်**

(ဘ) ဦးကြည်ရွှင်၏ သမီး ဝေဝေနှင်း[၁၂/သကတ(နိုင်) ၁၆၈၀၁၈]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-973652013

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့၊ အလက(ခွဲ) တက်သစ်ကျောင်း Grade-6 မှ မပန်းမြတ်ဟေသီ၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းအောင်[၁၄/ပသန(နိုင်)၀၄၂၂၀၁]ဖြစ်ပါကြောင်း။ **ဦးသန်းထွန်းအောင်**

**ပျောက်ဆုံးကြောင်း**

(ဘ) ဦးကျော်ရှိန်၏သား ဦးလှိုင်မိုး[၁၂/အလန(နိုင်)၀၂၆၉၁၈]၏ အကောက်ခွန်ရှင်းလင်းရေး အဝါကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၃၀၇၆၂၃၄

**ပျောက်ဆုံးကြောင်း**

(ဘ) ဦးဂျော်နီခင်ဇော် ၏သား ကျော်ရဲဝင်း[၁၂/ဥကတ(နိုင်)၁၆၆၀၅၄]၏ CDC(79801) All in One, SID ကတ်များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၁၉၇၀၆

**ပျောက်ဆုံးကြောင်း**

ကျွန်တော် နေဘုန်းမြင့်[၁၁/သတန(နိုင်)၀၅၁၂၈၀] ၏ သင်္ဘောသားလက်မှတ် III/4 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၃၃၄၁၁၀၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**

(အဖ)ဦးလိန်းပိုင်း၏ သမီး မှတ်ပုံတင်အမှတ်[၄/မတန(နိုင်) ၀၀၃၀၁၉]ကိုင်ဆောင်သူ ဒေါ်လိန်းပိုင်းချာစိမ်း နှင့် ဒေါ်ချာစိမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ အမှတ်(၁၃၁၁) ကန်ထရိုက်တာ ဦးဝင်းစိုးနှင့် မြေရှင် ဦးမြသောင်းတို့ (၃-၃-၂၀၁၁)ခုနှစ်တွင် နှစ်ဦးသဘောတူဆောက်လုပ်ထားသော တိုက်ခန်းဖြစ်ပြီး ကန်ထရိုက်တာ ဦးဝင်းစိုး ရောင်းချပိုင်ခွင့်ရှိသော အမှတ်(၁၃၁၁)၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ အကျယ်အဝန်း (၁၄ပေx ၆၀ပေ)ရှိ (၆)ထပ်တိုက်၏ ပထမထပ်၊ ခြေရင်းခန်းအား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်လာခဲ့သည်မှာ မှန်ကန်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်စိန် [၁၂/သဃက(နိုင်) ၀၄၇၈၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းတင် [၁၂/ရကန(နိုင်) ၀၂၀၃၄၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လေးမြိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၀၁)**
**အမှတ်-၆၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၁၇၆၁၃၄၊ ၀၉-၇၉၁၂၃၃၀၁၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းတောင်အနောက်ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၁၈) မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ပထမထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂½x၅၀)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားရုံး၏ ပမာဏဒီကရီအမိန့်အရ ပူးတွဲပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူသည်ဟု ဝန်ခံကြသော ဦးထွန်းဝေ [၁၂/ရကန(နိုင်) ၀၃၆၄၂၀]၊ ဒေါ်အိခိုင်မွန် [၁၂/ကမတ(နိုင်) ၀၈၃၀၆၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီဦး [၁၂/ကမရ(နိုင်) ၀၀၈၄၆၂] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

## အများသိစေရန်ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၆၄/စက်မှုဇုန်၊မြေကွက်အမှတ်-၅၆၃၊မြေကွက်တည်နေရာအမှတ်-၅၆၃၊အင်းလေးလမ်း၊(၆၄)ရပ်ကွက်၊ဒဂုံတောင်၊ဒေါ်ခင်တင်အေး(ခ)တင်တင်အေး(၁၂/ဥကတ(နိုင်)၀၀၅၁၃၃)အမည်ပေါက်နှစ်(၆၀)စက်မှုမြေငှားဂရန်မြေအားနှစ်(၆၀)ဂရန်အမည်ပေါက်-ဒေါ်ခင်တင်အေး(ခ)တင်တင်အေးမှနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)ပျောက်ဆုံးသွားကြောင်းရပ်ကွက်ထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ဌာနဝန်ခံချက်၊နှစ်(၆၀)ဂရန်အားမိမိတစ်ဦးတည်းမှသာလျှင်လက်ဝယ်ရရှိပိုင်ဆိုင်ထားခြင်းဖြစ်ပြီးအရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါကမိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းကျမ်းကျိန်လွှာအမှတ်-၁၃၆၂/၂၀၂၄(၁၁-၃-၂၀၂၄)၊နှစ်(၆၀)မြေငှားစာချုပ်မိတ္တူ၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာပါသည်။ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီမြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊သတင်းစာကြော်ငြာပြီးဒေါ်ခင်တင်အေး(ခ)တင်တင်အေး၏ဂရန်မိတ္တူလျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါသဖြင့်မြို့မြေစာရင်း(Town Land Roll)တွင်မြေငှားစာချုပ်အမှတ်-ဒဂတ/၆၄/စက်မှု-၂၂/၂၀၀၁အရ(၂၆-၇-၂၀၀၁)ရက်နေ့မှစ၍ထုတ်ပေးထားသည့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအားရုံးတွင်းအမိန့်ဖြင့်ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့်ဒေါ်ခင်တင်အေး(ခ)တင်တင်အေး၏ဂရန်မိတ္တူလျှောက်ထားခြင်းအားခွင့်ပြုပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## သန်လျင်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၇

ရိုးမဘဏ်လီမိတက် (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ လက်ထောက်မန်နေဂျာ ဦးအောင်လှိုင်ဇော်) — တရားလို

၁။ ဦးထွန်းဇော်ဦး
၂။ ဒေါ်မြတ်စုမွန် — တရားပြိုင်များ

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ မြတ်ရတနာအိမ်ရာ၊ မြတ်ရတနာ (၁)လမ်း၊ အမှတ် (၂၈)နေ တရားပြိုင်များ ဖြစ်ကြသော ဦးထွန်းဇော်ဦးနှင့် ဒေါ်မြတ်စုမွန် (ယခုနေရပ်လိပ်စာမသိ)တို့**သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက “ငွေပေါင်း (၁၀၀,၉၇၆,၆၄၀.၇၂) (ငွေတစ်ထောင့်ကိုးသိန်းခုနစ်သောင်းခြောက်ထောင့်ခြောက်ရာ့လေးဆယ်ကျပ်နှင့် ခုနစ်ဆယ့်နှစ်ပြားတိတိ)အပေါ် ငွေဒီကရီရလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရုံးအခွင့်ရ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ မွန်းမတည့်မီ နံနက် (၁၀း၀၀)နာရီအချိန်**တွင် အထက်အမည်ပါသူများ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင့်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမာလာခင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သန်လျင်ခရိုင်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ Insulation Oil for Power Transformer များ ဝယ်ယူရန် တင်ဒါအမှတ်၊ 48(T)/DPTSC(PSD)/2024–2025 (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၅-၉-၂၀၂၄)ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web–Portal (**www.moep.gov.mm**) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၅)၊ Golden Parami Condo၊ အခန်းအမှတ် (၁၀၇)နှင့် (၁၀၈) ကွန်ဒိုတိုက်ခန်း (၂)ခန်းသည် ဦးခင်ဇော် [၁၂/ရကန(နိုင်) ၀၅၄၃၁၄]နှင့် ဒေါ်မီမီကျော်လွင် [၁၂/ရကန(နိုင်) ၀၅၄၃၀၃]တို့မှ တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါ ကွန်ဒိုတိုက်ခန်း (၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝေ(စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၂/ဥတ္တရသီရိ အလယ်ရပ်ရှိ ဗိုလ်မှူးသိန်းဟန် အမည်ပေါက် မြေကွက်အမှတ်(ဥ-၅၄၆၂)အား အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဝိုင်းနန္ဒာဇော် (ဘ) ဦးကျော်မိုးဇော် [၉/ပမန(နိုင်)၁၅၈၄၈၉]မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အထွေထွေကိုယ်စားလှယ်လွှဲစာမိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေပေးမိန့်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာချက်

တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၁)လမ်း၊ အမှတ်(၅၈၁/ခ)တွင် (၃)ထပ်တိုက် (Slab Roof) (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်မှုဌာန၏ နှစ်(၆၀)မြေငှားဂရန်စာချုပ်နှင့် မြေနယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ(D/Map)တင်ပြ၍ မြေအမည်ပေါက်ဒေါ်ဆွေဆွေခိုင်၏အထူးကိုယ်စားလှယ်လွှဲစာ(SP)ရရှိသူ ဒေါ်လှယဉ်နုမှ BPI-11550 ဖြင့် တင်ပြလျှောက်ထားလာရာတွင် မြေအမည်ပေါက်ဖြစ်သော ဒေါ်ဆွေဆွေခိုင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်မှုမရှိခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄စီ(S-၈၉)၊မြေကွက်အမှတ်-၂၁၄၊(၀.၀၄)ဧက၊မြေကွက်တည်နေရာအမှတ်-၂၃၊ပထမထပ်(A)၊ကျားကွက်သစ်လမ်း၊ကျားကွက်သစ်ရပ်ကွက်၊တာမွေမြို့နယ်၊ဒေါ်သန်းသန်း(၁၂/တမန(နိုင်)၀၁၆၇၃၉)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ကွယ်လွန်သဖြင့်ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၁၁၆၁၇/၂၀၂၃(၁-၁-၂၀၂၄)ဖြင့် ပိုင်ဆိုင်သူဒေါ်ခင်ညိုလွင်(၁၃/တကန(နိုင်)၀၆၀၃၄၀)မှနိုင်ငံသားစိစစ်ရေးကတ်ပြား၊ပိုင်ဆိုင်ကြောင်းစာချုပ်၊ဂရန်ပျောက်ဆုံးကြောင်းတာမွေမြို့နယ်ကျားကွက်သစ်ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊တာမွေမြို့မရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ဝန်ခံချက်၊နှစ်(၆၀)ဂရန်မူရင်းမှာအထားအသိမှားယွင်းကာပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ကြောင်း(၈-၂-၂၀၂၄)ရက်စွဲပါတရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ဂရန်မိတ္တူနှင့်အမည်ပြောင်းလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ ယုဇနလမ်း၊ တိုက်အမှတ်(၂၁)၊ အခန်းအမှတ် (၁၀၂)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးမင်းသိန်း [၁၂/ရကန (နိုင်) ၀၁၇၉၇၇]နှင့် ဒေါ်ကြည်ကြည်မာ [၁၂/ရကန(နိုင်)၀၁၈၂၃၀]တို့ထံမှ ပြန်လည်ဝယ်ယူထားသူ ဦးတင်ကျော်စိုး [၁၂/မဂဒ(နိုင်)၀၇၈၇၄၅] နှင့် ဒေါ်နန်းငွေ [၁၃/သပန(နိုင်) ၀၁၄၅၉၄]တို့က ၎င်းတို့အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လက်ပံတံခါးကျေးရွာအုပ်စု၊ လက်ပံတံခါးကျေးရွာနေ အဖ ဦးစံအေး၏သမီး မဝင့်ဝါခိုင် [၈/မလန(နိုင်) ၁၂၉၉၉၈]၏ နိုင်ငံကူးလက်မှတ် အမှတ်(MDF–623439)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၅၉၄၈၁**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တူရွင်းတိုင် ကျေးရွာနေ အဖ ဦးသိန်းစိုး၏သမီး ဒေါ်အိအိသူ မှတ်ပုံတင်အမှတ် [၉/ညဥန(နိုင်) ၂၂၀၇၅၁] ကိုင်ဆောင်သူ၏ ပတ်စ်ပို့နံပါတ် MI 251594 စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–421738443**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဆင်ရွာကျေးရွာနေ အဖ ဦးစိန်မြင့်၏ သမီး ဒေါ်နန်းနီလာဝင်း မှတ်ပုံတင်အမှတ် [၁၀/ပမန (နိုင်) ၂၀၁၇၉၄] ကိုင်ဆောင်သူ၏ ပတ်စ်ပို့နံပါတ် ME 705682 စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–763252243**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဆင်ရွာကျေးရွာနေ အဖ ဦးစိန်မြင့်၏ သမီး ဒေါ်မိုးမိုးအေး မှတ်ပုံတင်အမှတ် [၁၀/ပမန(နိုင်)၂၄၃၅၆၂] ကိုင်ဆောင်သူ၏ ပတ်စ်ပို့နံပါတ် ME 705680 စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–763252243**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၈-၂၀၂၄ ကြေးမုံ သတင်းစာ စာမျက်နှာ (၂၅)ပါ ဒေါ်ပိုးအိအိစံ (တရားလွှတ်တော်ရှေ့နေ) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဣန္ဒာသယလမ်း အစား ဓနသိဒ္ဓိလမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘုရားလမ်း၊ အမှတ်(၂၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ် (၈၊ ၉၊ ၁၀၊ ၁၃)ပေါ်တွင် ဆောက်လုပ်ထားသော ကွန်ဒိုတိုက်ခန်းအမှတ် (C0803)၊ အကျယ်အဝန်း (၇၉၉.၀၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၂၃.၃.၂၀၂၃)ရက်နေ့စွဲပါ "တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"အရ (၁)ဦးဘုန်းမြင့်ကျော် (၁၂/လမန(နိုင်)၁၃၅၀၄၄)၊ (၂)ဒေါ်မေမွန်ဦး (၁၂/ဗဟန(နိုင်)၀၉၁၅၇၂)တို့မှဝယ်ယူထားပြီး အရှုပ်အရှင်းကင်းရှင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမြတ်ထွဋ် (၁/ဗမန(နိုင်)၀၇၁၈၁၃)မှ အပြီးအပိုင်ဝယ်ယူရန် (စရံငွေ)ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်အိသွယ်ငြိမ်း(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၁၃၁၇)
အမှတ်-(၁၆)၊ နတ်ချောင်းရပ်ကွက်၊ (၃)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၃၅၃၃၉၉၄၊ ၀၉-၄၂၀၁၀၅၃၃၅

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇ စီ၊ မြေကွက်အမှတ်-၃၁၊ ဧရိယာ(၀.၀၂၈)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၈၇ မြေပေါ်တွင် ဆောက်လုပ်ထားသော ၆ ထပ်တိုက် အဆောက်အဦ၏ ပထမထပ်အခန်းနှင့် ပဥ္စမထပ်(အပေါ်ဆုံးထပ်-၆လွှာ) အခန်း (၂-ခန်း)တို့နှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာခြင်း

ဒေါ်နွယ်နီအောင်(ကွယ်လွန်)၏ သားသမီးများဖြစ်သော ဦးသန့်ဇင်အောင် [၁၄/မမန(နိုင်)၀၀၃၀၂၄]၊ ဦးကျော်ဇေယျာအောင် [၁၄/မမန(နိုင်)၁၄၄၀၃၃]နှင့် ဒေါ်နွယ်စန္ဒီအောင် [၁၄/မမန(နိုင်)၁၈၅၃၅၁]၊ ဒေါ်မူမူအောင် [၁၂/လမတ(နိုင်)၀၂၂၇၆၃]၊ ဒေါ်အေမီအောင် [၁၂/မရက(နိုင်)၀၈၄၀၁၁]၊ ဦးဝင်းအောင် [၁၂/စခန(နိုင်)၀၄၉၂၅၄]၊ ဦးအောင်ထွဋ် (ကွယ်လွန်)၏ သမီးများဖြစ်သည့် ဒေါ်ရည်မွန်သန့် [၁၂/သဃက(နိုင်)၁၆၁၉၃၅]နှင့် ဒေါ်အေးမွန်ချို[၁၂/သဃက(နိုင်)၁၆၇၁၇၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အပါအဝင် မြေကွက်ပေါ်ရှိ ၆-ထပ်တိုက် အဆောက်အဦ၏ ပထမထပ်အခန်းနှင့် ပဥ္စမထပ်(အပေါ်ဆုံးထပ်-၆လွှာ)အခန်းတို့သည် ကွယ်လွန်သူမိဘများ ဖြစ်သည့် ဦးသန်းအောင်နှင့် ဒေါ်ညွန့်ညွန့်တို့ ကျန်ရစ်သည့်ပစ္စည်းများဖြစ်ပြီး သားသမီးများဖြစ်သည့် ဒေါ်နွယ်နီအောင်(ကွယ်လွန်)၏ သားသမီးများဖြစ်သော ဦးသန့်ဇင်အောင်၊ ဦးကျော်ဇေယျာအောင်နှင့် ဒေါ်နွယ်စန္ဒီအောင်၊ ဒေါ်မူမူအောင်၊ ဦးဝင်းအောင်၊ ဒေါ်အေမီအောင်၊ ဒေါ်ရည်မွန်သန့်နှင့် ဒေါ်အေးမွန်ချို [ဦးအောင်ထွဋ်(ကွယ်လွန်)၏သမီးများ]၊ ဒေါ်သီတာအောင်နှင့် ဦးသက်လွင်အောင်တို့မှ အချိုးကျပိုင်ဆိုင်သည့်ပစ္စည်းများ ဖြစ်ပါသည်။

ပထမထပ်အခန်းတွင် ဒေါ်သီတာအောင် နှင့် အပေါ်ဆုံးထပ်အခန်းတွင် ဦးသက်လွင်အောင်တို့ ယခုလက်ရှိနေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ တိုက်ခန်း(၂)ခန်းနှင့် ပတ်သက်၍ အချိုးကျတရားဝင်ပိုင်ဆိုင်ခွင့်ရှိသူများ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ အခြားမည်သူတစ်ဦးတစ်ယောက်သို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းမာလာညွန့် (စဉ်-၆၄၆၂/၁၃-၈-၉၇)**
**ဦးသန်းလှိုင် (စဉ်-၇၃၅၆/၈-၂-၂၀၀၅)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်- ၈၅၊ မြေညီ၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၂၀၂၇၄၀၊ ၀၉-၅၁၅၆၅၁၄၊ ၀၉-၇၉၅၆၁၈၄၀၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁) ရပ်ကွက်၊ ထိပ်တင်မှတ်လမ်း၊ အမှတ်(၂၂၈)ဟုခေါ်တွင်သည့် အကျယ်အဝန်း အလျား(၁၀)ပေxအနံ (၆၀)ပေရှိသော မြေကွက်မှာ ဦးဖေသိန်း ( AG – ၀၈၅၁၁၆ )မှ ဂရန်အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်သူများဖြစ်သော ဦးနေဝင်း [၁၂/ဥကမ(နိုင်)၀၁၃၀၅၀]၊ ဦးနေဝင်းမောင် [၁၂/ဥကမ(နိုင်)၂၂၀၇၆၄]၊ မရတနာအောင် [၁၂/ဥကမ(နိုင်)၂၅၇၃၉၄]ကိုင်ဆောင်သူတို့ထံမှ ဒေါ်နှင်းမာ [၉/လဝန(နိုင်)၀၄၆၇၉၅ ] ကိုင်ဆောင်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် နေအိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L)(D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ ၄/ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၄၆၀၀၈၉၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ပန်းဘဲတန်းမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ၁။ ဒေါ်ခက်ခက်ပွင့်အောင်
(ဗိုလ်ချုပ်ဈေးဘဏ်ခွဲ) ၂။ ဦးမျိုးသော်ဇင်
(၎င်း၏ကိုယ်စား –ဦးစန်းအောင်
Assistant Vice President)
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ဦးရွှေစိုးလမ်း၊ အမှတ်(၃၂/ဘီ)(၂–လွှာ)နေ (၁) တရားပြိုင် ဒေါ်ခက်ခက်ပွင့်အောင် (ယခုနေရပ်လိပ်စာမသိ) နှင့် ၎င်းလိပ်စာအတူနေ (၂) တရားပြိုင် ဦးမျိုးသော်ဇင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့ရှေ့ဆောင်ဘဏ်(၎င်းကိုယ်စား–ဦးစန်းအောင်)က "အကြွေးဝယ်ကတ် (Credit Card) ချေးငွေရလိုမှု စုစုပေါင်းငွေ –၁၆,၁၉၁,၀၀၀ ကျပ် (တစ်ရာ့ခြောက်ဆယ့်တစ်သိန်းကိုးသောင်းတစ်ထောင်တိတိ)" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်) နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မျိုးချစ်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပန်းဘဲတန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ပန်းဘဲတန်းမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ၁။ ဦးမောင်မောင်ထွန်းခေါင်
(ဗိုလ်ချုပ်ဈေးဘဏ်ခွဲ) ၂။ ဦးမျိုးသော်ဇင်
(၎င်း၏ကိုယ်စား –ဦးစန်းအောင်
Assistant Vice President)
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ဦးရွှေစိုးလမ်း၊ အမှတ်(၃၂/ဘီ)(၂–လွှာ)နေ (၁) တရားပြိုင် ဦးမောင်မောင်ထွန်းခေါင် (ယခုနေရပ်လိပ်စာမသိ)နှင့် ၎င်းလိပ်စာ အတူနေ (၂) တရားပြိုင် ဦးမျိုးသော်ဇင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့ရှေ့ဆောင်ဘဏ်(၎င်းကိုယ်စား–ဦးစန်းအောင်)က "အကြွေးဝယ်ကတ် (Credit Card)ချေးငွေရလိုမှု စုစုပေါင်းငွေ –၁၁,၅၀၆,၀၀၀ ကျပ်(တစ်ရာ့တစ်ဆယ့် ငါးသိန်းခြောက်ထောင်တိတိ)" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် ( ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် )နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နော်အိန္ဒြေဖူးသစ်ဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ပန်းဘဲတန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

